# ကယ်တင်ရှင် ဆွေမျိုးရင်းချာ
## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။
## ၆၀ - ၁၀၀၂

1 ၁။ ကျေးဇူးတင်တယ်၊ ဘရာသာနက်ဖေးရေ၊ ဘုရားသခင်သင်ကိုကောင်းချီးပေးပါစေ။ ဒီမနက်မှာ နောက်တဖန် ဒီလို ဖြစ်ရတာ သိတ်ကောင်းတာပါပဲ၊ ဘုရားသခင်၏အိမ်တော်သို့ပြန်လည်ရောက်ရှိခြင်းပဲဖြစ်ပါတယ်။ တချိန်က ဒီလိုပြောခဲ့တာ ကို ကျွန်တော်ယုံကြည်ပါတယ်။"သူတို့ကျွန်တော်ကိုပြောခဲ့တာကို ကျွန်တော်ပြောရွှင်ပါတယ်။ ကျွန်တော်ကို ဘုရားသခင်၏အိမ်တော်သို့သွားကြပါစို့။"

ချာလီ၊အဲဒီအနောက်ဘက်က ထွက်လာပါတယ်၊ သင်ခုံတလုံးကိုယူလာပါ။ ဒီနေရာကိုလာခဲ့ပါ။ ညီမရေ… အဲဒီမှာ ကျွန်ုပ်တို့ ပြွတ်သိပ်ကျပ်ပိတ်နေတဲ့နေရာမှာ၊ အနောက်ဘက်မှာထိုင်ခုံတလုံးရှိနေတယ်မဟုတ်လား။ ဒီနေရာမှာတော့ အမှန်ပဲ နေရာတခုလွတ်နေပါတယ်၊ အစ်မရေ။ဒီနေရာကို လာလိုက်လေ၊ ဒီမှာလေ၊ ချာလီ၊ ဒီကိုလာပါ၊ သင်တို့မတ်ရပ်နေချင်မှာ မဟုတ်တဲ့အတွက်ဘေးမှာပဲထိုင်ချလိုက်ပါတော့။ အချိန်တိုင်း တောင့်ကလေးတွေရောက်လာပါတယ်။ တန်တာကီက ရောက်လာခြင်းဖြစ်တယ်၊သူဒီကို ရောက်ပါတယ်၊ … မနက်တိုင်းသူမတ်တပ်ရပ်နေရပါတယ်။ ဒါကြောင့်သူ့ကိုကျွန်တော်တို့ဒီမှာ အမှန်ပဲနေရာပေးကြရအောင်၊

2 ၂။ ဒီနေရာကတော့ တယောက်ယောက်အတွက် ထိုင်စရာအဆုံးသတ်တနေရာလေးအမှန်ပဲဖြစ်ပါမည်။ [ပရိတ်သတ်တို့၏အဆိုပြုချက်ဖြစ်ပါသည်] အနောက်ဘက်မှာ အမျိုးသမီးတစ်ယောက်မတ်တပ်ရပ်နေပါသည်။ အနောက်ဘက်မှာလား။ ဒီနေရာကိုလာပါ၊ ဒီမှာထိုင်စရာတခုရှိပါတယ် ညီမ၊နီးနီးလေးပါပဲ၊ ဒီရှေ့တည့်တည့်ကိုလာပါ။ အဲဒီက ဗိုးချဲ (ဘီးတပ်ကု လားထိုင်) မှာတယောက်ယောက်ရှိမည်ဟုကျွန်တော် ထင်မြင်မိပါသည်။ သူတို့လား။ ဒီနေရာကျော်ကျော်မှာ အခြားနေရာ လွတ်တခု ရှိပါသေးသည်။ အကယ်၍ တယောက်ယောက် လိုချင်ရင်၊ အဲဒီနောက်မှာ ရှိပါသည်။ ဒီမှာလည်းထိုင် ခုံရှိနေကြ ပါပြီ။

ယခု၊အမှန်ရောက်လာပါ၊ သင့်နေရာကို သင်ယူပါ၊ ခံစားရတာ တကယ်ကို… ကျွန်ုပ်တို့ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ကိုကြိုးစား၍ ယူတင်ဝတ်ဆောင်စဥ်ကျွန်ုပ်တို့ဟာ သင်တို့ကို သက်တောင့်သက်သာ ဖြစ်စေလိုပါတယ်။

3 ၃။ အို၊ ဒီနေရာက တကယ်အသေအချာကို နေရာကောင်းဖြစ်ပါတယ်။လူသွားပေါ်က ချာလီကို ကျွန်တော်မမြင်ခဲ့ရပါ။ သူကအဲဒီအနောက်ဘက်မှာလဲ။ ကောင်းပြီ၊ သူကိုဒီကနေ ခေါ်ထုတ်သွားပါ။ ပြီးခဲ့တဲ့ရက်အနည်းငယ်က ကျွန်တော်ဟာ ချာလီနှင့် အတူအဲဒီကိုသွားခဲ့ပါတယ်။သူရဲ့အိမ်သို့သွားရောက်နိုင်ခြင်း ကျွန်တော်မှာမရှိခဲ့ပါ။ စားသောက်မှုပြုပါ သည်။ ဒီမနက်ကျွန်တော်သူကိုအမှန်ပဲ လျှောက်လမ်းပေါ်ခေါ်လာပါသည်။ နေ့တိုင်းလိုလို၊ ဒီကိုသူလာမယ်ဆိုရင်၊တယောက်ယောက်ကို ထိုင်စရာ ပြင်ဆင်ပေးဖို့နံရံနားမှာ သူမက်တပ်ရပ်နေရပါတော့မည်။ ဒါကြောင့်ကျွန်တော်ဒီမနက် ကြည့်လိုက်တယ်၊ အဲဒီနားမှာ သူမတ်တပ်ရပ်နေသည်ကို မြင်ရတယ်၊ ကျွန်တော်ဆင်ခြင်မိတာက"သူကို ကျွန်တော် အခု ဒီနေရာမှာ ရှိစေပါမယ်" ကောင်းပြီး၊ အဲဒါက…. အဲဒါက ကောင်းတဲ့ကိစ္စတခုပါပဲ။ ယခုဒီမနက် ဘရာသာရုဆဲလ်ကောင်းရဲ့သတင်းစကားကို ကျွန်ုပ်တို့ကြားနာရမှာပါ။ [ဘရာသာ ဘရမ်ဟမ် ရာယ်မောမှုပြုပါသည်။] နက်ဖေးဘယ်ရောက်နေလဲ။ အဲဒါက သူ့အတွက် ကောင်းမှန်တဲ့ အစီအစဉ်တခု ဖြစ်ပါမည်။ ဟုတ်ပြီ၊ အဲဒီကကိစ္စဖြစ်တယ်။

4 ၄။ ကောင်းပြီ၊ ဒါကြောင့် အများသောမိတ်ဆွေများအပြင်ထွက်သွားတာကို မြင်ရခြင်းက ကျွန်တော်အတွက် အသေအ ချာ ဝမ်းသာစရာကောင်းလှပါသည်။ ပြီးခဲ့တဲ့တနင်္ဂနွေကျွန်တော် ကျန်ရစ်ခဲ့စဥ်က၊ တောက်လျှောက် တပတ်လုံး ကိုးစားလှ သည်ဟု ကျွန်တော် ခံစားခဲ့ရပါသည်။တောင်ဘက်ပိုင်း တကြော့မှ ဒီနေရာအထိ ထိုင်နေတဲ့မိတ်ဆွေတယောက်ကို ကျွန်တော် ရရှိထားပါသည်။ ဘရာသာဝက်စ်ရှိပါသည်။ ပရိတ်သတ်များ တောက်လျှောက်၊ အနားတဝိုက်ကို ကျွန်တော် သွား လာခဲ့ပါသည်၊နောက်ကျနေပါပြီ၊ ကျွန်တော်ပြောတာက အဲလို— ဟိုလို မြင်တွေ့ရတာ ကျွန်တော် ဝမ်းမြောက်သည်ဆိုတာပါပဲ။ ဘရာသာဘက်ဝက်စ်ရဲ့ထိပ်ဖက်ပိုင်းကို ကျွန်တော် ကျော်ပြီး အမှန်ကြည့်ခဲ့ပါသည်။သူထွက်ခွာဖို့စတင်ရ သည့်တိုင်အောင် သူကို ဘယ်သောအခါမှ သတိပြုခဲ့မိခြင်းမရှိပါ။ ပြီးတော့တပတ်လုံး တောက်လျှောက် ကျွန်တော် စဉ်းစားမိခဲ့ပါသည်။ ဘရာသာဝက်စ်က ကျွန်တော် သူ့အပေါ်ဇွတ်တရွက် ရှုမြင်တက်သည်ဟု သူကထင်ပါမည်။ သို့သော် သူက ခရစ်ယာန်တယောက်ဖြစ်ပါသည်။ ဒါကြောင့်အဲဒါထက်ပိုကောင်းတာကို သူသိပါသည်။ သူသိတာက ကျွန်တော်ဟာ… တကယ့်မိတ်ဆွေတစ်ယောက်ပါပဲ။ ကျွန်တော် အဲဒါကို လုပ်ဆောင်မှာ မဟုတ်ကြောင်းသူသိတာကို ကျွန်တော်သိ်ပါသည်။

5 ၅။ ဒီမနက်ရောက်လာခြင်းအကြောင်းကို ကျွန်တော်စဉ်းစားခဲ့ဖူးပါသည်။ခြားနားသောနေရာမှ ရောက်လာတဲ့လူတွေကို မြင်စရာအကြောင်းရှိပါသည်…. ယခု ဒီနေရာကို ဒီမနက်မှာပဲ ဘရာသာဝက်စ် တဖန် နောက်တခေါက်ရောက်လာပါတယ်။အိုဟိုင်းရိုးကနေ ဘရာသာနှင့် ညီမကစ်ဒ်တို့ဒီကိုရောက်လာပါတယ်၊ ကျွန်တော်ရဲ့တချို့… ဒီမှာ ဘရာသာ အီဗင်ရှိတာကို ကျွန်တော်သိပါတယ်။ မိုတယ်မှာ မနေ့ကနေ့လည်ခင်း ကျွန်တော် သူကို တွေ့ဖို့ရန် သွားရောက်ခဲ့ပါသည်။ သို့သော်၊ သူက ဘရာသာဖရက်နှင့်သူတို့နဲ့အတူ အပြင်ထွက်သွားသည်ဟု ကျွန်တော်ယူဆမိပါသည်။ မက်လွန်မှ တောက်လျှောက် သူတို့လာရပါသည်၊ ဂျော်ဂျီယာက ဖြစ်ပါတယ်၊ ဒီနေရာမှာပဲ၊ တနင်္ဂနွေနေ့တိုင်း ကျွန်တော်စကားပြောပါသည်။မက်လွန်၊ ဂျော်ဂျီယာမှ ဖြစ်ပါသည်။ အဲဒီမနက် တောက်လျှောက် လမ်းပေါက်ပါသည်။ မိုင်ရှစ်ရာခန့်ရှိပြီး၊ဒါမှမဟုတ် ပိုကောင်းပါတယ်၊ ကျွန်တော် ထင်တာက၊ အဲဒီလိုသွားကြတာဖြစ်ပါမည်။ အဲဒါဟာ သစ္စာရှိခြင်းပါပဲ။

6 ၆။ ကျွန်တော်စဉ်းစားခဲ့ဖူးပါသည်၊ အကယ်၍ သင်ဟာအဲဒီလိုသူငယ်ချင်းများ ရထားမည်သိလျှင်၊ သင်တို့အား မက်တပ်ရပ်ပြစေလိုပါသည်… အခု၊ ဂျော်ဂျီယာကနေ၊ အိုဟိုင်းရို ကနေ၊ နိုင်ငံအစွန်းရှိ် အခြားသောဒေသများကနေ၊အဲဒီလူတွေ ရောက်လာကြခြင်းမရှိကြပါ။ ကျွန်တော်ပြောတာနားထောင်ဖို့ဒီဗိန်မာန်တော်နေရာကိုရောက်မလာကြပါဘူး။ သူတို့ ဒီနေရာ ကို

ရောက်လာခြင်းအကြောင်းမှာ သတင်းစကားကို သူတို့ ယုံကြည်လိုပဲဖြစ်ပါသည်၊အဲဒါဟာသူတို့ယုံကြည်သော အရာပင် ဖြစ်ပါသည်။ အဲဒီသတင်းစကားကို သူတို့ယုံကြည်ကြပါသည်။ပြီးတော့ အဲဒီသတင်းစကားအကြောင်းကျွန်တော် မည်သို့မည် ပုံရှိုးသား၍ ဖြောင့်ခြင်းရှိရမည်ဆိုတာပါပဲ။ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ကိုယ်သာမက၊ ကျွန်တော်လည်းမှားသွားခြင်းအ ကြောင်း ဖြစ်သည်၊သို့သော် တယောက်ကို ကျွန်တော်ဟာ အမှားကြီးကို လမ်းပြသွားတာဖြစ်ကြောင်း၊ သိမြင်ရပါမည်။အဲဒီနောက် ဘုရားသခင်က သူတို့ရဲ့အမှားအတွက် ကျွန်တော်ကို တာဝန်ရှိစေရန် ကိုင်တွယ်မူပြုပါတော့မည်၊ဘာဖြစ်လို့လဲ ဆိုရင် ကျွန်တော်ဟာ တစုံတယောက်အား အဲဒါကို သွန်သင်ခဲ့မိလိုပဲ ဆိုတာ၊သိမြင်ရပါမည်။ ကျွန်တော်သင်ကိုပြောပါ မည်၊ အဲဒီလို အဓိပ္ပာယ်မျိုး သင်သွားစဉ်းစားမိတဲ့အခါ၊အဲဒါက သင်ကို အသေချာ နက်နက်ရှိုင်း စဉ်းစားနိုင်စေရန် လုပ်ဆောင် မူပြု ပါမည်။ ဒါကြောင့်သင်တို့တဦးချင်းတယောက်ချင်းစီကို ကျွန်တော် လေးစားဂုဏ်ပြုပါမည်။ မိုင်တရာလောက် စွန့်စွန့်စားစား သင်ဟာ ကားမောင်းလာရတာကို သိရတဲ့အတွက် အလွန်ပင်ကောင်းမွန်လှပါသည်၊ အလွန်အထူးဖောက်လုပ်ထားတဲ့အဝေး ပြေးလမ်းမကြီးကို ဖြတ်လာရပါတယ်။ မတော်တဆ၊ အကြောင်းကိစ္စ များရှိတဲ့နေရာပါပဲ၊.... ဘုရားသခင်၌ တည်သော သင်၏ ယုံကြည်ခြင်းကသင်ကို ဘယ်လိုပဲဖြစ်ဖြစ်ပဲ့ကိုင်မူပြုပါမည်။ ဒီနေရာကို သင်အားရောက်ရှိစေပါမည်၊ အနောက်ဘက် သို့ သင်ကိုခေါ်ဆောင်သွားပါမည်။ဒီလိုပုံစံမျိုး မိတ်ဆွေဖြစ်ရတာ ကျွန်တော် အရမ်းဝမ်းမြောက်မိပါသည်။ သင်အပေါ်မှာ ဘုရားသခင်၏ကြွယ်ဝသောကောင်းချီးများသတ်ရောက်စေမည်အကြောင်း ကျွန်တော်တောင်းဆုပြုပါသည်။

7 ၇။ ယခု၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကျွန်တော်ပြောခဲ့ပါသည်။“ကောင်းပြီး ကျွန်တော်တို့စကားပြောသွားရပါမည်။ အဲဒီနောက်၊ ဆုတောင်းခံရမည့်လိုင်းကြောင်းပေါ်သို့ကျွန်တော်ချက်ချင်းခေါ်ဆောင်မူပြုပါမည်။” တနည်းတဖုံဖြင့် ကျွန်တော်ကြိုးစားအလုပ်လုပ်သွားပါမည်။ များစွာသောလူတွေ အတွက်ဆုတောင်းပေးဖို့ရာ လမ်းကြောင်းတခုကို ကြိုးစား၍ ရှာဖွေသွားပါမည်။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့ကထက်ပိုပြီးများများ ကျွန်တော်ပြေးမယ်ဆိုရင်၊ ကျွန်တော်အတွက် တယောက် ယောက်ကကြိုးစားမူပြုပါမည်။ နှစ်နာရီလောက်မှာ ဒီကနေ ဝေးဝေးကို ကျွန်တော်ရောက်ပါမည်။ ဆုတောင်းခံစရာကဒ်ပြား များကိုကျွန်တော်ပေးအပ်မူ မပြုခဲ့ပါ။

ဆုတောင်းခံကဒ်ပြားများပေးအပ်ရသောအလုပ်ဟာ ကြမ်းတမ်းသောအလုပ်တခု ဖြစ်ပါသည်။ အဲဒါကိုသင် သိသိ၊ မသိသိ၊ ဘယ်လိုပဲဖြစ်ဖြစ်ကျွန်တော်မသိပါဘူး၊ လူတွေက သင်ကိုမုန်းပါမည်။ အခြားနေ့တနေ့က ဘရာသာဘက်စ်ရှုဒ်စာ ပြောခဲ့ပါသည်။ ကျွန်တော်တို့ ကန်တာကီကို သွားခဲ့စဉ်က ဖြစ်ပါတယ်၊ သူကလုပ်အားပေးဖြစ်ပါမည်၊ ဘေးလီရောက်မလာခဲ့ရင်“ဆုတောင်းကဒ်ပြားများကို ပေးလိုက်ရပါမည်၊ ဒါကြောင့်ဘေးလီဟာ၊ ကျွန်တော်ရဲ့သားအရင်းအချာကိုသူက ကျွန်တော် အားပေးမည်ဟုကတိပြုခဲ့ပါသည်၊ အဲဒီဟာကို သူကျွန်တော်အားမပေးခဲ့ပါ။ နည်းနည်းတော့ရှုံစရာကောင်းတယ်။” ဟူ၍ ဖြစ် ပါတယ်၊ ဒါကြောင့် သူတို့ဟာ.... သူတို့အယောက်စီတိုင်းကို သူမပေးနိုင်ခဲ့ပါ။ လိုင်းကြောင်းက များစွာသောသူများကိုကျွန်တော်တို့လည်း မပေးနိုင်ပါဘူး၊ သိမြင်ရမည်မှာ၊ သူကျွန်တော်ကို ကာကွယ်စရာအကြောင်းရှိနေပါပြီ။

8 ၈။ ကျွန်တော် ကျန်ခဲ့စဉ်က၊ ကျွန်တော်ချွေးမက ပြောခဲ့ပါသည်။“ဘေးရေ၊ သင်ဟာ ဘေးလီကို အရင်တုန်းက သင်လုပ်ဆောင်မူမပြုခဲ့ပါ။”လို့ပြောခဲ့ပါသည်။

သို့သော်အဲဒီမှာ ကျွန်တော်လုပ်ခဲ့တဲ့အမှားက ပိုင်းခြားနားလည်ခြင်းကို အစပြုခဲ့ခြင်းဖြစ်သည်။အဲဒီနောက် တယောက် ယောက် ရောက်လာပါတယ်။ သူတို့အတွက် ရောက်လာတယ်ဆိုတာ သင်သိပါတယ်။ အဲဒါဟာပိုင်းခြားနားလည်ခြင်း အတွက် ဖြစ်သည်ဆိုသောအရာ၊ သင်သိမြင်ရပါမည်။ သို့သော် ကျွန်တော်သူတို့ကိုကဲ့ရဲ့ပြစ်တင်မူမပြုခဲ့ပါ။ တူညီသောအရာ ကို သင်သိမြင်ရပါမည်။ ကျွန်တော် လုပ်တာက....ကျွန်ုပ်တို့ဟာ လူသားဖြစ်ပါတယ်၊ ကျွန်ုပ်တို့အားလုံး အသက်ရှင်လိုကြပါ တယ်၊ ဘယ်လိုလုပ်တယ်ဆိုတာ ကျွန်တော်တို့ သိလိုကြပါတယ်။ အဲဒါဟာ ကျွန်ုပ်တို့ဘာလဲဆိုတာ.... သို့သော် ထိုသို့သော အရာများနှင့်အတူ သင်ဟာ အလှမ်းဝေးသွားစေမည့်တခုတည်းသော အကြောင်းတရားကို ရလာနိုင်စရာအကြောင်းရှိပါ သည်။ ဆုကျေးဇူးတခုလိုမျိုးပါပဲ၊အဲဒီနောက် သင်ဟာဆေးကြော လျှော်ဖွတ်မူပြုပါမည်၊ နှစ်နာရီလောက် ဖြစ်သွားခဲ့ပါသည်။

ဒါကြောင့်၊ဘရာသာဘဏ်ခ်ဟာ ဒီမနက် ဆုတောင်းခံမည်ကဒ်ပြားများကို ပေးပစ်ခဲ့ပါသည်၊ ဘေးလီမနေ့ညက ရောက်လာစရာဖြစ်ခဲ့ရပါသည်၊ ဒါကြောင့်အဲဒါဟာ အလန့်တကြားကိစ္စဖြစ်မည်ဟု ကျွန်တော်စဉ်းစားမိပါသည်။လူတယောက်မှာ ကောင်းမွန်တဲ့ ဂုဏ်သတင်းကျော်ဇော်မူတခုတော့ရှိပါသည်၊ ဘရာသာဝူဒ်လို ဆုတောင်းကဒ်ပြားများကိုပေးအပ်လိုက်ခြင်း မျိုးလိုဖြစ်ပါသည်၊ လူတွေ သူဆီကို ပြုံလာပါတော့သည်၊ ဘေးလီ မစဉ်းစားဘူးလို့ကျွန်တော် ယူဆပါသည်။ သူတို့ သူဆီမှာ အကြာကြီး ရှိနေကြပါသည်၊ ဒါကြောင့် အဲဒါကို သူသွားခွင့်ပြုလိုက်ခြင်းဖြစ်ပါသည်။ ကောင်းပါပြီ။

9 ၉။ ယခု လာမည့်ယခုအပတ်မှာတော့ ကျွန်တော်ဟာ အလက်စ်မှာရှိပါမည်၊ လာမည့်သောကြာနေ့၊ ညမှာ ဖြစ်ပါတယ်၊ အနာရောဂါငြိမ်းစေခြင်း၏ အသံတော် ညီလာခံမှာဖြစ်ပါသည်။ အကယ်၍ မည်သူမဆို အဲဒီနားတဝိုက် လာရောက် ကြမယ် ဆိုရင်၊ ကျွန်တော်ဟာ သူတို့၏ အစည်းအဝေးညီလာခံမှာ တညတာ ဟောပြောပွဲကိုကျွန်တော်ဟာ အဲဒီမှာ ဆောင်ရွက် သွားမှာဖြစ်ပါတယ်၊ ကျွန်တော်ဟာ “မိတ်သဟာယဖွဲ့ခြင်းဆီသို့ချဉ်းကပ်ခြင်း” ဟူသောခေါင်းစဉ်ဖြင့် ဟောပြောသွားလိုပါ သည်၊ ဘုရားသခင် အလိုတော်ရှိရင်ပေ့ါလေ။

အဲဒီနောက်၊လာမည့် တနင်္ဂနွေနေ့ဖြစ်ကောင်းဖြစ်နိုင်ပါသည်၊ ဒီလာမည့်တနင်္ဂနွေနေ့ဖြစ်ပါမည်၊ ဘုရားသခင်အလိုတော်ရှိမယ်ဆိုရင်၊ ကျွန်တော် လာချင်ပါသေးသည်၊ ဒီကနေ့ကျွန်တော်စဉ်းစားမိတဲ့ ပြောစရာရှိတဲ့အကြောင်းကိုခေါင်းစဉ်တည်ပြီး ပြောကြားသွားပါမည်။ “လေဆင်နှာမောင်း၌ ရှိသောလေပွေ” အကြောင်းဖြစ်သည်။ကနေ့နာမကျန်းဖြစ်ခြင်းအတွက် ကျွန်တော် ဆုတောင်းပေးခဲ့ပါသည်၊ အဲဒါဟာဆိုရင်၊ အပြစ်အတွက်အသင်းတော်ထံသို့သက်ရောက်သော ထက်မြက်သည့် ဟန့်တားမူပုံစံမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဆုတောင်းခံရာလိုင်းကြောင်းပေါ်ကို သင်အခေါ်ခံရတဲ့အချိန်မှာတော့၊ သိတ် ကောင်းတဲ့တရားဟောချက်ခေါင်းစဉ်ကိုပြောသွားမှာ

မဟုတ်ပါဘူး။ လူတို့၏ ယုံကြည်ခြင်းကို ဆုတောင်းသူများဆီရောက် အောင် သင်တည်ဆောက်စရာအကြောင်းရှိပါသည်။ ဘုရားသခင်ထံသို့ရောက်အောင် ဖြစ်ပါသည်၊ ယုံကြည်ခြင်းရှိစေခြင်း အပေါ်သို့ဖြစ်ပါသည်၊ ဒါကြောင့် ကျွန်တော်ဟာ ဒီမနက် တခြားတရားဟောချက်ကို ဟောပြောမည့် ဖြစ်ကြောင်းဘရာသာ နက်ဖေးကို ကြေငြာစေပါသည်၊ လူတို့အား ဘုရားသခင်ထံ၌ ယုံကြည်ခြင်း ရှိစေရန်တည်ဆောက်မှုပြုရပါမည်၊အခြားစကား လုံးများကတော့၊ ဘုရားသခင်၏ ပညတ်တရားများကို စောင့်ထိန်းမှုမပြုခြင်းအတွက်လူတို့ကို တားမြစ်ရပါမည်။ ဒီနည်းက၊ တည်ဆောက်ခံရသော လူများတဝိုက်ဘုရားသခင်၌ ယုံကြည်ခြင်းရှိစေခြင်းအကြောင်း၊ သင်မြင်ရပါမည်။

10 ၁၀။ ဒီမနက် ဆုတောင်းခံမည့်သူများ၏အခန်းမှာ အနောက်ဘက်မှာရှိပါမည်၊ ဒါမှမဟုတ် အသံသွင်းတဲ့အခန်း၏ အနောက်ဘက်မှာ ဖြစ်ပါသည်၊ ကျွန်တော်ရဲ့မိတ်ဆွေအိုလေးတယောက်ဖြစ်ပါတယ်၊ဘရာသာ ကစ်ဒ် ဖြစ်တယ်၊ ရှစ်ဆယ့်နဲ့… ဒီမှာ အသက်ရှစ်ဆယ်အရွယ် ထိုင်နေပါသည်၊ အခြားမနက်ခင်းကကျွန်တော်ဟာ သူကို အလျင်တသောပြုစဉ်အခါ များစွာသောသင်တို့က အမှတ်တရရှိကြပါသည်။ သူဟာ(တနှစ်လောက်လွန်သောအခါ၊ အခုဆို ပြည့်လုနီးနေပါပြီ။) သေခြင်းတရားဖြစ်တယ်၊ အလွန်စက်ဆုပ်ဖွယ်ရာနာမကျန်းခြင်းဖြစ်ပါသည်၊ ဆရာဝန်တွေက သူကို တပတ်လောက်ပဲ အသက်ရှင်မည့်ဟု ထင်ကြေးပေးကြပါသည်၊သို့မဟုတ်၊ တပတ်မကပါ၊ သူတို့ဟာ…. သူကို ဒီခေါ်လာဖို့မနက်တောင် မကျော်နိုင်တော့ဘူးလို့ပြောကြပါတယ်၊ မနက်ခင်းသုံးခု လွန်လာပါပြီ၊ အခု၊ သူ ၁၀၅ အထိ ကျသွားပါသည်၊ အဲဒီလိုမျိုးတခုခုပါပဲ၊ ခဏကြာပြီး သူပြောခဲ့ပါတယ်၊ သူဟာ ၁၃၂အထိ ပြန်ပြည့်လာပါသည်။ သူဟာ ကောင်လေးတယောက်လိုမျိုးခံစားရသည်ဟု သူကပြောခဲ့ပါသည်။

ဘရာသာကစ်ဒ်ရေ၊ဒီတရားဟောဆရာအိုဟာ ဘယ်သူဖြစ်တယ်ဆိုတာ လူတွေကသိရမည်ဖြစ်သောကြောင့် သင်က ချက်ချင်း မက်တပ်ရပ်မည်ဆိုပါက၊ကျွန်တော် အံ့သြစရာ ဖြစ်ပါမည်။ အဲဒီမှာ သူရှိပါသည်၊ “ဘုရားသခင်ကို ကျေးဇူးတင်ပါ တယ်။”လို့ပြောကြရအောင်။ လူတယောက်ဟာ ကင်ဆာရောဂါနှင့် သေရမည်၊ အခြေအနေမျိုး ရှိပါသည်။ သူမှာချစ်စွာ သော အစုအဝေးလေးတခုတော့ ရှိနေပါသည်။ သူမလည်း မက်တပ်ရပ်မည်ဟု ကျွန်တော် ဆန္ဒပြုပါသည်၊ကျွန်တော်… စစ်စ တာကစ်ဒ်ရေ၊ အဲဒီမှာ သင်ဘယ်လို ဖြစ်နေပါသလဲ၊ယခု၊ သူမ မြန်မြန် ဘယ်လို ထူထူထောင်ထောင် ဖြစ်လာသည်ကို သိမြင်ပါသလား။ ကျွန်တော် လုပ်ဆောင်နိုင်တာထက်ပိုကောင်းပါသည်၊ ဘရာသာနှင့် စစ္စတာကစ်ဒ်ကို ဘုရားသခင်ကောင်း ချီးပေးပါစေ။ ဘုရားသခင်၏ကြွယ်ဝသောကောင်းချီးမင်္ဂလာ သူတို့အပေါ်သက်ရောက်ပါစေသော။ ကျေးဇူးပဲ၊ ညီမရေ။

11 ၁၁။ သူတို့ဟာ ကန်တာကီတောင်တန်းတလျှောက် ရှန်းကန်လာခဲ့ရပါသည်။ကျောက်မီးသွေးတွင်းရှိလမ်းတို့သည် နှိမ့်ချည်မြင့်ချည် ဖြစ်နေပါသည်။ ကန်ကျောက်ရပါသည်၊ရယ်စရာစကားဆိုခြင်းပါ။ ညင်းပန်းနှိပ်စက်ခံခဲ့ရပါသည်။ သူတို့ လုပ် နိုင်တဲ့ ဘယ်အရာတွင်မဆိုအသက်ရှင်မှုပြုသည်။ ကုန်တင်ကားပေါ်ကနေ သူတို့ဟာ တနေရာရာက ပြောင်းဖူးတွေ ချွေလှေ့ နေတာကိုတွေ့မြင်ကြရပါသည်၊ ဘုရားသခင်နိုင်ငံတော်အတွက် အသက်ရှင်ကြပါသည်။ အသက်ရှစ်ဆယ့်ပြည့်သည့်တိုင်၊ဧဝံဂေလိတရားကို ဟောပြောနေဆဲ ဖြစ်ပါသည်။ အခု၊ သူတို့လည်း အပြင်ထွက်ဖို့အိုမင်းမစွမ်းကြတော့ပါ၊ဒါကြောင့် ကျွန်တော်တို့အဝတ်စများပေါ်ကနေ ဆုတောင်းခံသူများကို ဆုတောင်းပေးကြပါမည်၊သူတို့ထံသို့ပို့ပေးလိုက်ပါ၊ သူတို့ဟာ သူတို့ကို ဆေးရုံတင်ဖို့စောင့်ရှောက်မှုပြုကြပါမည်၊ အဲဒီလိုမျိုးကိစ္စ ဖြစ်ပါသည်။ လူတွေဝင်လာပြီး၊ သူတို့ကို ခေါ်သွားပါသည်။ ယခု၊ အဲဒါဟာနှလုံးသားထဲမှ တကယ်ကို ရလား၊ မရဘူးလား။ သင်ဟာသူတို့နှင့်တွေ့ဆုံရန် အပြင်သို့ထွက်မသွားနိုင်ပါဘူး၊အဲဒီလိုမျိုး ဆုတောင်းအဝတ်အစတခုကို သူတို့ထံပို့ပေးလို့ရပါသည်။ ယုံကြည်ခြင်းရှိပါ။အဲဒါဟာ အင်မတန် ကောင်းပါသည်။

12 ၁၂။ ဘရာသာရော်ဂျာလည်း အထဲမှာ ဖြစ်ပါသည်။ ဒီနေ့ဒီနေရာမှာဖြစ်ပါသည်။ ဘရာသာခရီ၏ ယောက္ခထီးဖြစ်ပါ သည်။ ကျွန်တော်အင်မတန်ချစ်လှစွာသော မိတ်ဆွေဖြစ်ပါသည်။ချာလီဆီသို့ကျွန်တော်သွားသလိုမျိုး သူ့အိမ်ထဲသို့ဝင်သွား ပါ၊ အခုအဲဒီက သူတို့ကိုဆင်းလာစေပါ၊ ကန်တာကီသို့လာရောက်စေပါ။ အဲဒီကိုသွားနေကျပါ။ သူနှင့်အတူ တချိန်လုံး အမဲပစ်ခဲ့ပါသည်၊ မကြာခင်က ဒီနေရာမှာ ရှိနေပါသည်။ ဆယ့်သုံးလအကြာက ဖြစ်ပါသည်၊ ဆရာဝန်က သူကိုဝင်ပေးခဲ့ပါသည် (ကင်ဆာရောဂါနှင့် အတူဖြစ်ပါသည်။) “သူတော့သွားပြီ။” ဟုဆိုခဲ့ပါသည်။

ကျွန်တော်ထင်တာက“ကျွန်တော်ရဲ့အဖိုးတန်မိတ်ဆွေ၊” ဆိုတာပါပဲ။ ပထမကမ္ဘာစစ်က စစ်မှုထမ်းခဲ့သူတဦး ဖြစ်ပါသည်၊ တကယ့်ရဲစွမ်းသတ္တိရှိသူတယောက်ပါပဲ၊ သူ့မိသားစုရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကသူကို ကျွန်တော် ယေရှုခရစ် တော်နာမ၌ ဗတ္တိဇံပေးဖူးပါတယ်၊ သူ့အပြစ်ကို လျှော့ပေါ့စေရန်အတွက်ဖြစ်သည်၊ အဲဒီနောက် ခရစ်တော်၏ ကိုယ်ခန္ဓာ၌ သူ့နေရာကျကြောင်းကို သိခဲ့ရပါသည်၊ ဘုရားသခင်အားတွေ့ဆုံရန် သွားဖို့လိုရာ အဆင်သင့်ဖြစ်လို့နေပါပြီ။ ကျွန်တော် ထင်တာက၊ ကျွန်တော်ရဲ့အဖိုးတန် ညီအစ်ကိုဟာအခု ရွေ့လျားသွားသည်။“ ဆိုတာပါပဲ။ ထိုရှုပါရုံပြီးနောက် အဲဒါက အမှန်ပဲဖြစ်ပျက်ခဲ့ပါသည်… သို့မဟုတ်၊ ကောင်းကင်နိုင်ငံအကြောင်း ကျွန်ုပ်ထံသို့ရှုပါရုံမရောက်ရှိခင် အချိန်က ဖြစ်ပါမည်၊ အဲဒီနောက်သူကိုတွေ့ဖို့ရာ ကျွန်တော် သွားရောက်ခဲ့ပါသည်။အခန်းထဲမှာ သက်တန့်တခု ရောက်ရှိနေပါသည်။ ဘုရားသခင် က အကြောင်းအရာများကို ပြောင်းလဲစေတော်မူ၏။ အဲဒါက ဆယ့်သုံးလလောက် ကြာသွားပါပြီ။ သူဟာဒီကနေ့ဒီနေရာ မှာရှိနေဆဲ စားသောက်နေဆဲပဲ ဖြစ်ပါသည်။

13 ၁၃။ တခုခုလိုအရာမျိုးကို သူကယူပါသည်…. ဆာလဖာ ဆေးတောင့်လိုအရာမျိုးကို ယူလိုက်ခြင်းဖြစ်သည်၊ ဒီနေရာလိုသူလည်ချောင်းနေရာမှာ လောင်ကျွမ်းခဲ့ပါသည်၊ သူက ဆုတောင်းခံရာလိုင်းကြောင်းဆီသို့သွားရောက်မှုပြုပါသည်၊ ကျွန်တော်ထင်တာ၊ ဒီမနက် ဖြစ်ပါမည်။ လာပါ၊ ဘေးလီအရင်ကတည်းက ပေးခဲ့ပြီးနောက်ပိုင်း ကျွန်တော်ကြေငြာခဲ့တာကို ကျွန်တော်သိပါသည်…. ဒါမှမဟုတ်၊ သွားခဲ့ပါသည်၊ သူတို့ကို ဆုတောင်းခံကဒ်ပြားပေးအပ်စရာရှိသည်ကို သိခဲ့ရပါသည်။ ကျွန်တော် သူ့သားမက်ကိုပြောခဲ့ပါသည်၊ ကျွန်တော်ရဲ့မိတ်ဆွေကောင်း ဘရာသာခရိပဲ ဖြစ်ပါသည်၊ သူကိုခေါ်လာစေပါ သည်။ ကျွန်တော်ထင်ပါတယ်၊ သူကိုကျွန်တော်မေးခဲ့မယ်ဆိုရင်၊ ကျွန်တော်ကို ဖမ်းဆီးပြီး၊ ဒီဆုတောင်းခန်း တခန်းခန်းမှာသူကိုထားလိုက်ပါမည်။ သို့သော်

သူကဆုတောင်းခံမည် ကဒ်တကဒ်ရှိနေပါသည်၊ ကျွန်တော်ပြောခဲ့ပါသည်၊“ရင်အုပ်ထွား သူရေ၊ ကျွန်တော်သင်ကို အပြင်ထွက်စေလိုပါသည်။” ဆိုတာပါပဲ။ သူ့နာမက အဲဗားရက်ဖြစ်ပါသည်၊ အတိုကောက်အနေ ဖြင့် ကျွန်တော်တို့က သူကိုရင်ထွားသူလို့ခေါ်ဆိုကြပါသည်။သူကို ပြောခဲ့ပါသည်။ “အပြင်ထွက်ပြီး၊ ဆုတောင်းရာလမ်း ကြောင်းကိုပေးကို ရောက်ရှိစေပါအဲဒီအတွက် ဘိသိတ်ခံရစဉ်အချိန် အတောအတွင်း၊ သင့်အတွက် ကျွန်တော် ဆုတောင်းပေးပါမည်။”ဟူ၍ ဖြစ်ပါသည်။ ဒါကြောင့် အဲဒီလို ရှိစေတာကို ကျွန်တော် နှစ်သက်လာပါသည်။ ကျွန်တော်သိတယ်၊ ကျွန်တော် ဆုတောင်းပေးခဲ့တာတွေအတွက်၊ သူတို့က ကျွန်တော်အတွက် ဆုတောင်းပေးခဲ့တဲ့အချိန်ကဆိုရင်၊ ကျွန်တော်ဟာ တယောက်ယောက်ကို ဘိသိတ်ပေးချင်မိပါသည်။

14 ၁၄။ အခု၊ ဒီမနက် ကျွန်တော်တို့၏ကျမ်းစာအုပ်ကို ပြန်လှန်ကြပါစို့၊ရှုသဝတ္တုကို ဖွင့်ကြပါစို့။ ဒီနေရာမှာ ကျွန်တော်တို့အချို့ ကျမ်းပိုဒ်တွေကို ဖတ်သွားပါမည်၊ရှုသဝတ္တုမှ ထွက်လိုက်ကြပါမည်။ အခု၊ ဒီခေါင်းစဉ်ကို ကျွန်တော်တို့မချဉ်းကပ်မီ၊ ကျွန်တော်ဟာ၊ ဒီမနက်ခင်းအတွက်၊ ကျွန်တော်စကားတွေကို ကြေငြာမှုပြုလိုပါတယ်။ အဲဒါကို ၊ “ကယ်တင်ရှင်ဆွေမျိုးရင် ချာ” ဟုခေါ်ဆိုမှုပြုပါမည်။ ကယ်တင်ခြင်းနှင့်ပတ်သက်၍ ကွဲလွဲချက်လေးချက်အပေါ် ရပ်တည်မှုပြုသည့်အရာမှထိုအရာကို ကျွန်တော်ချဉ်းကပ်မှုပြုလိုပါသည်။

ခရစ်တော်ကျွန်ုပ်တို့အား ကယ်တင်ရန်အလို့ငှာ မည်သို့ကြွလာတော်မူသည် ဆိုခြင်းအပေါ် ပြီးခဲ့တဲ့အပတ်ကဟောပြောခဲ့ သည်ကို စဉ်းစားမှုပြုပါ။ အဲဒီနောက် ဒီကနေ့၊ အဲဒီအကြောင်းအရာအပေါ် ကျွန်တော်ကစကားပြောလိုပါသည်။ “ကယ်တင် ရှင်ဆိုတာ ဘာဖြစ်ပါသလဲ၊ ပြီးတော့ ကိုယ်တော် ဘယ်လို ကယ်တင်ရှင်ဖြစ်လာခဲ့ပါသလဲ။” အမှတ်ရရမည်မှာ၊ ကိုယ်တော် ဟာ သင်ကို ကယ်တင်တော်မူစဉ်၊ ပြီးပြည့်စုံစွာကယ်တင်ရှင်တဦးက သင်ကို ကယ်တင်မှုပြုသည် ဆိုတာပါပဲ။ သင်ရဲ့အပြစ် မှ၊ သင့် ရဲ့နာမကျန်းမှုမှ၊လွဲမှားသောအရာအားလုံးမှ ဖြစ်ပါတယ်။ ကိုယ်တော်သည် ကယ်တင်ရှင် တယောက် ဖြစ်ပါသည်။

ယခုအဲဒီဟာကို ကျွန်တော်တို့မချဉ်းကပ်မီ၊ ကျွန်တော်တို့ခေါင်းကို ငုံ့ထားကြပါစို့၊ ဆုတောင်းခြင်းဖြင့်ကိုယ်တော်အား စကားပြောပါ။ အခု သင်တို့၏ ခေါင်းကိုငုံ့ထားခဲ့ကြပါသည်။ ဒီမနက်ခင်းမှာမည်မျှလောက် ကျွန်တော်အံ့ဩခဲ့ရပါသနည်း။ ကိုယ်တော်၏ ဖြစ်တည်မှု၌ ဖြစ်ပါသည်။ ဆုတောင်းသူများသတိတရရှိဘို့နှစ်သက်ပါလိမ့်မည်။ သင်တို့၏ လက်ကို မြှောက်ပြီး၊ “ဘုရားသခင်၊ ကျွန်ုပ်၏တောင်းဆိုမှုကို၊ ကိုယ်တော်သိတယ်မဟုတ်လား။” ဟုမေးပါ။ အယောက်စီတိုင်းကို၊ ဘုရားသခင် ကောင်းချီးပေးပါစေ။

15 ၁၅။ ကျွန်ုပ်တို့၏ ကောင်းကင်ဗိုလ်ခြေ ဖဘုရားသခင်၊ကျွန်တော်အရမ်းဝမ်းသာပါသည်၊ ခမ်းနားမြင့်မားသော တန်ခိုး တော်ဖြစ်ပါသည်၊ ဘုရားသခင်အလိုရှိရာကိုသိကျွမ်းခြင်းဖြစ်သည်၊ ကိုယ်တော်၏ သားတော် ယေရှုခရစ်တော်တောက် လျှောက် ကျွန်ုပ်တို့ချဉ်းကပ်မှုပြုနိုင်ပါသည်။ ကျွန်ုပ်တို့မေးတဲ့အရာအတွက် အဖြေတခုရှိပါသည်။ လွန်ခဲ့တဲ့အစည်းအဝေးက ဖြစ်တယ်၊ လူတယောက် သိုးသားရေတွေ၊ ဆိတ်သားရေတွေ ခြုံပြီးလှည့်လည်သွားခဲ့တဲ့အကြောင်းကျွန်ုပ်တို့ပြောခဲ့ကြပါ တယ်။ အဲဒီလူဟာ ခိုးကိုးရာမဲ့ပြီး၊ ဘုရားသခင် တည်ထောင်သောမြို့တော်တခုကိုရှာဖွေမှုပြုခဲ့ပါသည်။ တကြိမ်တခါက ကိုယ်တော်ထံသို့ သူတို့ချဉ်းကပ်ကောင်းချဉ်းကပ်ခဲ့ဖူးသည်ကိုသိရှိရပါမည်၊ ကိုယ်တော်ရှိသောနေရာကို သူတို့ရှာကောင်းရှာ ဖွေနိုင်မယ်ဆိုရင်.... ယောဘ အရွယ်အိုတဲ့အခါ၊ ပြောခဲ့တာရှိပါသည်၊ “ငါသည် ကိုယ်တော်၏တံခါးကိုခေါက်ဖို့ရာ သွားနိုင်ခဲ့ မည်ဆိုရင်။” ဟူသော အရာဖြစ်ပါသည်၊ တနည်းအားဖြင့်ဆိုသော်၊“ကိုယ်တော် စောင့်ထိန်းတော်မူရာအရပ်ကို ငါရှာဖွေနိုင် မည်ဆိုပါက ကိုယ်တော်နှင့်အတူ ငါအိမ်ကို သွားပါမည် (ကိုယ်တော်နှင့်မျက်နှာချင်းဆိုင်ပြီးစကားပြောပါမည်။ ဆိုတာပါပဲ။ သို့သော် လူတွေအတွက် လုပ်ဆောင်ရမည့် လမ်းကြောင်းမရှိ်ပါ။ ဘာဖြစ်လိုလဲဆိုရင်၊ သူမှာ အပြစ်ရှိ်လိုပါပဲ။ သူ့ကိုယ်သူ သီး ခြားခွဲထုတ်ခဲ့ပါသည်၊ တပါးအမျိုးသားတို့သည်လည်းဘုရားသခင်ထံ ရောက်နိုင်လို့ပဲ ဖြစ်ပါတယ်၊ သို့သော် တန်ဖိုးအနဂ္ဂ ထိုက်တန်သော ပုဂ္ဂိုလ်တပါးသည်တောက်လျှောက် ဆင်းကြွတော်မူ၍၊ လမ်းကို ဖွင့်လှစ်မှုပြုပါသည်၊ ကျွန်ုပ်တို့၏အပြစ်များကိုခွင့်လွှတ်ပေးခဲ့ပါသည်... ဘုရားသခင်ဟာ တပါးအမျိုးသားတွေလို မကြာခင်ကျွန်ုပ်တို့ထံ ဆောင်ယူလာခဲ့ပါသည်၊ သို့သော် သားသမီးများကတော့ သူတို့၏ဖခင်ထံသို့လာရောက်ကြပါသည်။ကျွန်ုပ်တို့၏ မေးလျှောက်သော တောင်ဆိုချက် တိုင်းလိုလိုကို ကိုယ်တော်ချပေးတော်မူမည်ဖြစ်ကြောင်းသိရှိကြပါသည်။ တခုတည်းသော ပညတ်တရားကကျဆင်းလာပါ သည်၊ အဲဒါက၊ ”အကယ်၍ သင်သည် မယုံကြည်နိုင်ဘူးဆိုပါက။“ဟူသောအရာပင် ဖြစ်သည်။ အဲဒါက သဘောတူညီချက် တခုဖြစ်ပါသည်။ ကျွန်ုပ်တို့ယုံမှားမည်မဟုတ်ဘူးလို့၊စာတန်က ကြွေးကြော်မှုပြုပါသည်။ ဘုရားသခင်ကတော့ ကျွန်ုပ်တို့ယုံမည်ဟု မိန့်တော်မူပါသည်။အခု စစ်ပွဲပေါ်ရောက်နေပါပြီ၊ ကျွန်ုပ်တို့ဟာ ဆုံးဖြတ်ချက်ကို ချရပါတော့မည်၊ ဘယ်လိုလမ်းကြောင်းမျိုးမဆိုကျွန်ုပ်တို့ဆုံးဖြတ်ချက် ချရပါတော့မည်၊ အဲဒီလမ်းကြောင်းကို လုပ်ဆောင်ရပါတော့မည်။ အဲဒါကိုဒါကြောင့် အံ့ဩစရာ ရေးသားထားကြပါသည်၊ ”သူတို့ယုံကြည်သောအလုံးစုံသောအရာများသည် ဖြစ်နိုင်စရာအကြောင်းရှိ၏။“ ဆိုတာပါပဲ။

16 ၁၆။ က နေ့ ကျွန်တော်တို့ယုံကြည်ကြပါသည်။

လာရောက်ပါ၊ဘုရားသခင်၏အခွင့်လမ်းပေးခြင်းအတွက် ကိုယ်တော်ထံသို့ချဉ်းကပ်ကြပါစို့။ ကျွန်ုပ်တို့၏တောင်းဆိုချက်များ ကို ကိုယ်တော်က လက်ခံမှုပြုမည့်အကြောင်း မေးလျှောက်ကြပါ၏၊ လမ်းတိုင်းသွားရောက်ကြပါ၏၊ အဲဒီလက်အောက်က အရာကို ကိုယ်တော်သိရှိပါ၏၊ ထိုနှလုံးသား၏ဆိုလိုရင်းကိုကိုယ်တော်သိကျွမ်းတော်မူပါသည်။ စိတ်နှလုံး၏အကြံအစည်နှင့်၊ စဉ်းစားဆင်ခြင်သောအရာကိုကိုယ်တော်သိမြင်သည်ဟု ရေးသားထားပါသည်၊ စိတ်နှလုံးကို ထိုသွင်းသိမြင်နိုင်ပါသည်။ ကျွန်ုပ်တို့အားအဖြေပေးတော်မူပါ၊ တောင်းဆိုချက်တိုင်းလိုလိုက ဖော်ပြသောအရာကို ကိုယ်တော် ကျေးဇူးပြုတော်မူပါ။

ကနေ့ကျွန်ုပ်တို့သည်လည်း မေးလျှောက်ကြပါ၏၊ ဘုရားသခင်၊ ကိုယ်တော် ကျွန်ုပ်တို့အား မစတော်မူပါ၊အလိုအပ်ဆုံးအရာ တခုဖြစ်ပေါ၏၊ ဖြစ်ကောင်းဖြစ်နိုင်ပါ၏၊ ပရိတ်သတ်ရဲ့ပိုင်ဆိုင်မှုလည်း ဖြစ်နိုင်ပါတယ်၊ဒီနေရာမှာ ကျွန်ုပ်မတိုင်မီ နေရာကျ တာကတော့ ယေရှုဘုရား၏ အသွေးတော်ဖြင့် ရွေးဝယ်တော်မူခြင်းဆိုတာကို သိရှိခြင်းပင် ဖြစ်ပါသည်။ အဲဒီမှာ၊ ဖြစ်နိုင်တာ က၊ ဒီနေရာမှာ အပြစ်သားတွေထိုင်နေတယ်ဆိုတာပါပဲ၊ ဒါကြောင့် အပြစ်နှင့်အတူ ကန့်သတ်ခံရခြင်းက သူတို့အတွက် အခက်တွေ့စေပါမည်၊လုံးဝနီးပါး

မဖြစ်နိုင်သလိုပါပဲ၊ သူတို့အတွက်ကတော့ ခရစ်တော်ကိုလက်ခံဖို့ရာ နေရာတခုဆီသို့ရောက်ရှိစေဖို့ပါပဲ၊ တဆက်တည်းမှာ စာတန်ကလည်း ဒါကြောင့် သူတန်ခိုးမှာ သူတို့ကို ကန့်သတ်မှုပြုခဲ့ပါသဘည်။သို့သော် မှတ်တမ်းတင်ထားသောအရာကို သိရသလောက်၊ "ငါ့၏နာမ၌ သူတို့သည် မကောင်းမှုတို့ကိုချိုးဖျက်ကြလိမ့်မည်။" ဆိုတာပါပဲ။

17 ၁၇။ က နေ့ ကျွန်ုပ်တို့အား တန်းခိုးကို ပေးသနာတော်မူပါ၊ဘုရားသခင်၊ တောက်လျှောက် နှုတ်ကပတ်တော်ကို ဟောပြောသွားပါသည်၊ သံသယဖြစ်ခြင်း၊ အယူသီးခြင်း၊လူတို့၏ နှလုံးသားနှင့် စဉ်းစားခြင်းကိုမှ ကြောက်ရွံ့ခြင်းဆိုသော မကောင်းမှုတိုင်းလိုလိုကိုဖယ်ရှားပစ်ရပါမည်၊ ထိုသို့သောသူများဟာ ပျာယီးပျာတာဖြစ်ခြင်းအားဖြင့် ကန့်သတ်ခံရပါသည်၊ခရစ်တော်၏ လက်တော်ထံသို့သံသယဖြစ်ခြင်းကို ဆောင်ယူသွားစရာအကြောင်း ရှိကောင်းရှိပါမည်။အဲဒီလိုပဲ ရေးသား ထားတာက "သူတို့သည် သူတို့၏လက်များကို နာမကျန်းဖြစ်ခြင်းအပေါ် တင်ကြခြင်းဖြင့်၊ ပြန်လည်ကောင်းမွန်စေမည်။"ဟူသောအရာဖြစ်ပါသည်။ ဒီနေရာမှာ အဲဒီလိုတွေ ဖြစ်နေတဲ့သူတွေဟာ၊ ခရစ်ယာန်များ ဖြစ်ပါသည်။မိစ္ဆာရောဂါးဆိုးတွေနှင့် အတူ ကန့်သတ်ခံနေကြရပါသည်။

ဘုရားသခင်ဟာ၊ဒီကနေ့၊ ဒီအဆောက်အဦးမှာ ရှိကြတဲ့ မာမကျန်းဖြစ်ခြင်းဆိုသော အရာတိုင်းဆီသို့ငှင်း၊ ဖိစီးနှိပ်စက်ခံရသောလူများထံသို့ငှင်း၊ သန့်ရှင်းသော ဝိညာဉ်တော်ကို ပို့ဆောင်တော်မူ၍၊ ကျွန်ုပ်အား တန်ခိုးကိုပေးသနားတော်မူပါ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် နှလုံးသားတိုင်းမှာ ကြိုတင်ပြီး အဆင့်သင့်မြင့်နေရာကိုရယူထားခြင်း ဖြစ်နိုင်ပါသည်၊ ဘုရားသခင်နှင့် ဆိုင်သော ဖြစ်တည်ခြင်း၌ လူတိုင်းရှိနေကြရပါသည်။တောက်လျှောက် ကိုယ်တော်၏ နှုတ်ကပတ်တော်က ကျွန်ုပ်တို့အား မိန့်တော်မူပါ၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည်သမ္မာတရားဖြစ်ပါသည်။ ဘာပြောစရာရှိလဲဆိုတာ မသိရှိ ပါ၊ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းပြမှုကိုစောင့်ဆိုင်းနေပါသည်၊ ကိုယ်တော် ကျွန်ုပ်တို့အား လမ်းပြကောင်း လမ်းပြမှုပြုပါ၊ အလုံးစုံသောသမ္မာတရား၌ကျွန်ုပ်တို့ကို တိုက်ရိုက်တည်ရှိစေပါ၊ ချပေးသနားတော်မူပါ၊ ဘုရားသခင်။ ကိုယ်တော်ကိုယ်တိုင်ဘုန်းထင်ရှားစေတော်မူပါ။ ကိုယ်တော်၏အစေခံများဆီသို့ဘိသိတ်သွန်းလောင်တော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် အစကတည်းက ဘိသိတ်ခံတော်မူခဲ့ပါသည်။ ကိုယ်တော်ကို ကျွန်ုပ်တို့ဂုဏ်တော်ချီးမွမ်းကြပါမည်၊ ကျွန်ုပ်တို့နှလုံးသားတိုင်းက လိုအပ်နေသောအရာကို ကိုယ်တော်ဖြည့်ပေးတော်မူပါ။ ဘုရားသခင်၏သားတော်ယေရှုခရစ် နာမ၌၊ ကျွန်ုပ်တို့တောင်းလျှောက်ကြပါ၏။ အာမင်။

18 ၁၈။ ဖတ်ရှုမှုမပြုခင်၊ ဒီဆောင်ပုဒ်လေးကို ကျွန်တော်ကောင်းစွာဆိုရသည့်အတွက် နှစ်သက်မှုရှိပါသည်။ အကယ်၍ သင်မှာ မဖြတ်နိုင်တဲ့ပြစ်များရှိနေမယ်ဆိုပါက၊

သင်မှာရှိတဲ့တောင်ကိုသင်မကျော်နိုင်ပါက

တောက်လျှောက်သွားပါ၊

အမှတ်ရရမည်မှာ၊ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်က အထူးပြုမည်ဆိုတာပါပဲ။

အခြားသောအရာများကမတတ်နိုင်ပါဘူး၊

ရုသဝတ္ထု၊ အခန်းကြီးတစ်မှ ကျွန်တော်ဖတ်ရှုခဲ့ရပါသည်။ တရားစီရင်ခြင်း၏ တိုင်းတာမှုပြုရာ နေ့ရက်ကာလကိုကျော်လွှားဖို့ရာ ဖြစ်လာရပါသည်။ .... အဲဒါက အငတ်ဘေးဆိုက်တဲ့ နယ်မြေဖြစ်ခဲ့ရပါသည်။ဗက်လင်မြို့- ယုဒပြည်မှ အချို့သော လူတွေဟာ မောဘပြည်သို့ ခရီးသွားခဲ့ကြပါသည်။ သူရယ်၊သူ့ဇနီးရယ်၊ သူ့သား နှစ်ယောက်ရယ်ပါပါသည်။

ထိုယောက်ျား၏အမည်မှာဧလိယဖြစ်ပြီး.... သူ့ဇနီးကနောမိဖြစ်ပါသည်... သူ့တို့သားများ၏ အမည်မဟာလုန်နှင့် ခိလျုန်တို့ဖြစ်ပါသည်၊ ဗက်လင်မြို့—ယုဒပြည်ရှိ ဧဖရတ်သားများဖြစ်ပါသည်။ သူတို့သည် မောဘပြည်သို့ထွက်ခွာကြပါ သည်၊ အဲဒီကနေရွှေ့ဆက်ကြပါသည်။

နောမိ၏ယောက်ျားဧလိမလက်သေလွန်သော... သူမဟာ သားနှစ်ယောက်နှင့်ကျန်ရစ်ခဲ့ပါသည်။

သူတို့ဟာသူတို့ရဲ့ဇနီးမယားအဖြစ် မောဘအမျိုးသမီးတို့နှင့် ထိမ်းမြားကြပါသည်၊ နာမည်က... တယောက်က ဩရဖ ဖြစ်ပြီး ... နောက်တယောက်ကတော့ ရုသဟုအမည်ရပါသည်၊ ဆယ်နှစ်လောက်သူတို့ဟာအခြေချနေထိုင်ခဲ့ကြပါသည်။

မဟာလုန်ကော၊ခိလျုန်နှစ်ယောက်စလုံး သေဆုံးခဲ့ကြပါသည်၊ မိန်းမတယောက်ဟာ သားနှစ်ယောက်နှင့် လင်ယောက်ျား၏ထားရစ်ခြင်းကိုခံခဲ့ရပါသည်။ သူမဟာ ချွေးမတယောက်နှင့် ရှင်သန်ခဲ့ရပါသည်၊ မောဘပြည်ကနေသူမပြန်လာခဲ့ရပါသည်၊ သူမအတွက်... ကြားရတာက...ဘုရားသခင်ဟာ သူ၏လူမျိုးထံသို့ပေါင်မုန့်ပေးဖို့အလည်အပတ် လာရောက်ခဲ့သည်ဆိုခြင်း ဖြစ်ပါသည်။

သူမရှိတဲ့အရပ်ကနေအရှေ့စူးစူးနေရာကို ထွက်ခွာလာခဲ့ပါသည်၊ သူမချွေးမနှစ်ယောက်နှင့်အတူဖြစ်ပါသည်။ သူတို့ဟာယုဒပြည်သို့ပြန်သောလမ်းပေါ်တွင် လျှောက်လှမ်းနေကြပါသည်။ နောမိက သူ့ချွေးမနှစ်ယောက်ကိုပြောပါသည်၊သွားတော့၊ မင်းတို့မိခင်အိမ်သို့ပြန်ကြတော့၊ ဘုရားသခင်သည် ကြင်နာစွာ သင်တို့နှင့်အတူအချိတ်အဆက်ပြုပါစေသော၊ သင်တို့ သေခြင်းနဲ့အဆက်အဆံပြုလိုလျှင်တော့ အကျွန်ုပ်အတူရှိလော့ဟုဆိုခဲ့ခြင်းဖြစ်ပါသည်။

ဘုရားသခင်ကသင်တို့၏နားခိုစရာဖို့ချပေးတော်မူပါစေသော၊ သင်တို့ဟာ သင်တို့၏ ခင်ပွန်းအိမ်၌ နေခဲ့ကြရပါသည်။အဲဒီ နောက် သူမက သူတို့ကို နမ်းမှုပြုပါသည်၊ သူတို့က သူတို့ရဲ့အသံကိုလွှင့်ပြီး၊ ငိုကြွေးမြည်တမ်းမှုပြုကြပါသည်။

သူမကိုသူတို့က ပြောကြားခဲ့ပါသည်။ သင်၏ လူမျိုးစုရှိရာ သင်ထံသို့ကျွန်ုပ်တို့အသေအချာပြန်လာမည်ဆိုတာပါပဲ။

နောမိကလည်း၊ပြောခဲ့ပါသည်။ တဖန်သွားကြသော ငါသမီးတို့ဟူ၍ ဖြစ်ပါသည်၊ အဘယ်ကြောင့် ကျွနုပ်တို့နှင့်အတူသင် သွားလာမှုပြုမည်နည်း။ ငါ့သားအိမ်မှာ ဘယ်လိုမှပိုပြီး သားယောကျ်ားတွေရှိနိုင်မှာမဟုတ်တော့ဘူးလေ၊ သူတို့ဟာ ငါခင်ပွန်းသည်ကြောင့် ဖြစ်ပွားသည် မဟုတ်ပါလား။ တဖန်ပြန်ပါတော့၊ငါ့သမီးတို့၊ သင့်လမ်းသင်သွားပါ၊ ယောကျ်ားတ ယောက်ယူဖို့ဆိုတာလည်း ငါလည်းပဲ အိုမင်းနေပြီဖြစ်သည်။ ငါပြောသင့်တာကတော့၊ ငါ့မှာ မျှော်လင့်စရာတော့ရှိတယ်၊ ဒီနေ့ညငါလည်းပဲ ခင်ပွန်းတယောက်ယူသင့်ပါသည်၊ သားယောကျ်ားများလည်း ထွန်းကားသင့်တယ်ဆိုတာ ပါပဲ၊ သူတို့ကြီး ပြင်းလာတဲ့အထိသင်တို့ကောစောင့်နိုင်လို့လား။ သူတို့အတွက် သင်တို့ကကော ခင်ပွန်းဖြစ်ခွင့်ပေးမှာလား။နေပါစေတော့၊ ငါ့သမီးတို့ငါ့အား ဆန့်ကျင်ဘက်ပြုသည့် ဘုရားသခင်၏ လက်တော်သည် သင်တို့၏ဝမ်းနည်းစရာအဖို့အလို့ငှာ။ ငါ့ထံသို့ပူဆွေးဝမ်းနည်းစရာ ရှိစေခြင်းအတွက်ပင်တည်း။

သူတို့ဟာသူတို့ရဲ့အသံကို လွှင့်ကာ၊ တဖန် ငိုကြွေးမြည်တမ်းကြလေသည်၊ ဩရပဟာ သူ့ယောက္ခမကို နမ်းပါသည်၊ရုသကတော့ သူမကို တွယ်ကပ်နေပါသည်။

သူမက၊သတိထားဦးလို့၊ပြောပါသည်၊ သင့်ယောင်းမကတော့ သူမရဲ့လူမျိုးစု၊ သူမရဲ့ဘုရားဆီကို ပြန်သွားခဲ့ပြီး၊သင်ယောင်း မပြီးရင်တော့ သင်လည်း ပြန်ရမည်ဖြစ်တယ်၊

ရုသကပြောပါတယ်၊ ကိုယ်တော်ကို ကျွနုပ် မစွန့်ပစ်ပါရစေနှင့် နောက်တော်သို့မလိုက်ဘဲ ပြန်သွားစေခြင်းမပြုပါနှင့်၊ ကိုယ်တော်သွားလေရာရာသို့ကျွနုပ်လိုက်ပါမည်၊ ကိုယ်တော် အိပ်လေရာရာ၌ ကျွနုပ်အိပ်ပါမည်၊ကိုယ်တော် အမျိုးသည် ကျွနုပ်အမျိုးဖြစ်၍… ကိုယ်တော်ဘုရားသည် ကျွနုပ်ဘုရားဖြစ်ပါစေသော။ကိုယ်တော်သေရာအရပ်၌ ကျွန်မသေ၍ သင်္ဂြိုဟ်ခံ ရပါမည်။ သေခြင်းမှတပါး အခြားသောအမှုအကြောင့်ကိုယ်တော်နှင့် ကျွန်မကွာလျှင်၊ ထာဝရဘုရားသည် ကျွန်မ၌ ထိုမျှမက ပြုတော်မူပါစေသော၊

19 ၁၉။ ဒီမနက်ခင်း ခေါင်းစဉ်နဲ့ပတ်သတ်ပြီး ဒီလိုနည်းလမ်းလေးပြောလိုပါသည်၊ထိုအရာကို ကျွန်တော်သွန်သင်ခဲ့သလိုပါပဲ၊ သင်၏ကယ်တင်ခြင်းနှင့်ပတ်သတ်၍ ယုံကြည်ခြင်းတခုကိုကြိုးစား၍ ဆောင်ယူမှုပြုခြင်း ဖြစ်သည်၊ အဲဒါဘာလဲဆိုရင်၊ အဲဒါကို မည်သို့ လက်ခံရမည်ဆိုတာပါပဲ၊အဲဒီခေါင်းစည်းကို ကျွန်တော်အလိုရှိပါသည်၊ “ကယ်တင်ရှင် ဆွေမျိုးရင်းချာ။” ဆိုတာပါပဲ။

ယခု၊တဖန်ပြန်ပြီး ကယ်တင်ခြင်းကိုခံရစေရန်အလို့ငှာ အဘယ်သို့သောအရာမှ ဘယ်သူလာလို့မရတော့ပါ။တခုခုဟာ ဆုံးရှုံးသွားပါပြီ၊ အပေါင်ဆိုင်မှာ ထားလိုက်သလိုပါပဲ။ သင်သွားပြီးတော့၊ အဲဒါကိုပြန်ရွေးလာပါမည်၊ တန်ရာတန်ကြေးဈေး ပေးပြီး ပြန်ရွေးရပါမည်။ အဲဒီနောက် သင်မှာလည်း ကိုယ်ပိုင်အရေအသွေးတော့ရှိပါမည်၊အဲဒါကို သင်ပြန်ရွေးပြီးတဲ့အခါမှာ ဖြစ်ပါသည်။ သို့သော် ဣသရေလတို့၏ ကယ်တင်ခြင်းနှင့်ပတ်သတ်သည့်ဥပဒေသမှာမူ၊ ရွေးနုတ်မှုပြုရန် ဆွေမျိုးသားချင်း ဆိုသော ကိုယ်ရေကိုယ်သွေးရှိရပါသည်၊သို့မဟုတ်လျှင် တခုခုတော့ စွန့်လွှတ်စရာအကြောင်းရှိပါသည်။

20 ၂၀။ ဣသရေလတို့၏ တရားသူကြီး အုပ်စိုးစဉ်ခေတ်ကာလကစ၍ကျွနုပ်တို့၏ပုံဝတ္ထုကို အစပြုခဲ့ပါသည်။ ယောရှု့သေပြီးနောက်မှာ ဖြစ်သည်။ ဤသို့အလွန်လှပသောပန်းချီကားချပ်တခုကို ရှာဖွေစရာအကြောင်းရှိပါသည်၊ ဓမ္မရာဇဝင် ပထမစာစောင် ပထမဦးဆုံးအခန်းကြီး ငါးခန်းနှင့် ခြောက်ခန်းလောက်အထိ ဖတ်ရှုရပါမည်၊ အဲဒါရဲ့စစ်မှန်တဲ့ ပုံဝတ္ထုကိုသင်ရလာမှာပဲ ဖြစ်ပါတယ်။ သို့သော် ဒီအရာ၏ အဓိက ဆက်စပ်ရမည့်နောက်ဆက်တွဲအကြောင်းကိစ္စကိုရရှိရန်ယခု ကျွနုပ်တို့ခုန်ကျော်သွားရပါတော့မည်၊ အဲဒါကို၊ လွန်ခဲ့သောအချိန်က ဤရုသဝတ္တုပေါ်မှာကျွန်တော်အစပြုခဲ့ခြင်းဖြစ်တယ်၊ အဲဒီအကြောင်းအရာအပေါ်မှာ သုံး၊ လေးပတ်လောက် အချိန်တောက်လျှောက်ယူခဲ့ပါမည်။ တခါတုန်းက ဗျာဒိတ်ကျမ်းကို လည်း အစပြုခဲ့ပါသည်၊ ကျမ်းချက်ငယ် တပိုဒ်တပိုဒ်တိုင်းဟာဆိုရင်၊ တစ်စ်ပတ်လုံး အချိန်ယူခဲ့ဘူးပါသည်။ အဲဒါကို တောက် လျှောက် သွားစရာရှိခဲ့ပါသည်။ ကျမ်းပိုဒ်ငယ်တပိုဒ်တိုင်းဟာဆိုရင် အခြားသမ္မာကျမ်းစာအုပ်တအုပ်လုံး၏ တစုံတခု သောအ ရာနှင့် ချည်နှောင်ပြီးသားဖြစ်လေသည်။ထိုအရာသည် လှပပါသည်။ ဒါကြောင့်လည်း သမ္မာကျမ်းစာ၏ စိတ်ကူးစိတ်သန်းကို ကျွနုပ်တို့သိရှိကြခြင်းဖြစ်ပါသည်။သချာႋသဘောတရားအရ၊ နည်းလမ်းတိုင်းဟာ….

အခြားစာပေသဘောတရားရေးရာရေးသားချက်တွင်လည်း ထိုအရာကိုယ်၌က တနေရာရာတွင် အရှေ့နှင့်အနောက် မဆီမ လျော်ဖြစ်စေသည့်အရာမျ်ုိးလည်းမရှိခဲ့ပါ။

ဒီစာအုပ်ဟာနှစ်ပေါင်းလေးထောင် အပိုင်းအခြားနီးပါးလောက် အချိန်ယူရေးသားခဲ့ရပါမည်၊ သမ္မာကျမ်းစာအုပ်ဖြစ်ပါသည်။ တခုခုနှင့် သူတို့ရေးသားခဲ့ပါမည်… လူဘယ်နှဦးလောက်ရေးသားခဲ့သည်ကို ကျွန်တော်မေ့သွားပါပြီ။ကျွန်တော် အမှတ်တော့ ရပါတယ် ဒါပေမဲ့.. ကျွန်တော် ဝမ်းနည်းပါသည်။ ခြောက်ဆယ်—တခုခုကိုကျွန်တော်ပြောလိုပါသည်၊ ဒါပေမယ့် အဲဒီလိုနဲ့ကျွန်တော်မှားနိုင်ပါတယ် [ပရိတ်သတ်တွေကအဆိုပြုပါသည်] လေးဆယ်ပါ။ လူ့အယောက်လေးဆယ်က သမ္မာကျမ်းစာကို ရေးသားခဲ့ပါသည်။ ကြားမှာနှစ်ကာလ ထောင်ချီတဲ့အပိုင်းအခြားရှိပါသည်။ တယောက်နှင့်တယောက် မသိရှိကြပါ၊ ဒါမှ မဟုတ်တယောက်နှင့်တယောက်မြင်ဘူးကြပါမည်၊ သို့မဟုတ်တယောက်ပြီးတစ်ယောက် ရေးသားခဲ့ကြတာတွေကို အချိန်အများစွာ ဖတ်ရှုခဲ့ကြဖူးပေမည်၊စကားလုံးတလုံးက အခြားစကားလုံးကို ဆန့်ကျင်ဘက်ပြုသောအရာ မရှိပါ။ စိတ်အာ ရုံသက်ဝင်ခံစားခဲ့ကြပါသည်။

21 ၂၁။ ယခု၊ လူတွေအများကြီး ရုသဝတ္တုကို ဖတ်ရှုမှုပြုခဲ့ပါသည်။သူတို့က၊ “သမ္မာကျမ်းစာ၏ ချစ်ဇာတ်လမ်း။” ဟုဆိုကြပါ သည်။ သမ္မာကျမ်းစာက အချစ်ဇာတ်လမ်းတပုဒ်ဖြစ်ပါသည်။သမ္မာကျမ်းစာ တအုပ်လုံးက အချစ်ဇာတ်လမ်းတပုဒ်ဖြစ် ပါသည်။

အချစ်ဇာတ်လမ်းဖြစ်သည်သာမက၊ပရောဖက်တပါးလည်းဖြစ်ပါသည်၊ ပရောဖက်တပါးဖြစ်ရုံမျှမက၊ သမိုင်းတပုဒ်လည်း ဖြစ်ပါသည်။ ပုံပြင်တပုဒ်၊သမိုင်းတခု၊ ပရောဖက်တပါး ဖြစ်ရုံမျှသာမက၊ ထိုအရာသည် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ “နှုတ်ကပတ်တော်သည် အစအဦး၌ရှိ၏ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်နှင့်အတူရှိ၏၊ နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်တော်မူသည်။”ဟုဆိုထားခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်နှုတ်ကပတ် တော်သည် ဘုရာသခင်ကို ရိုက်နှိပ်ပုံနှိပ်ထုတ်ဝေခြင်း

ဖြစ်ပါသည်၊ အဲဒီလိုမျိုးနေရာကျသင့်ပါသည်။ ညီအစ်ကို ဘုရားသခင်ကို ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ယေဟောဝါဘုရားကစာအုပ်တအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ ပါသည်။ စိတ်ကူး ယဉ်ဝတ္ထုလိုမျိုးအရာ မပါရှိပါ၊ သို့သော်အလုံးစုံသည် လုံးဝဥသုံ သမ္မာတရားဖြစ်ပါသည်။ အဲဒီလို မြင်ရတဲ့ ပုံစံတိုင်းကို၊ သင့်ဝိညာဉ်၌ချိတ်ဆွဲရပါမည်။ အဲဒါက အမှန်တရားပဲဖြစ်ပါသည်။ ဘုရားသခင်သည် သူ့ရဲ့နှုတ်ကပတ်တော်ကိုပြန်လည် သက်ရောက်စေပါမည်။

22 ၂၂။ ဒီပုံပြင်ကို ရေးသားထားခဲ့ရပါသည်။ အားလုံးဟာလက်ရေးမူအဟောင်းများ ဖြစ်ကြပါသည်။ နှုတ်ကပတ်တော်ကို သူတို့က ချန်လှန်ထားသောအရာများရှိပါသည်၊(သန့်ရှင်းသူများက ဖြစ်သည်။) သူတို့ဟာဓမ္မဟောင်းကျမ်းထဲမှာ အတူတကွ ထည့်ဖို့ရန် ကြုိးစားခဲ့သောအချိန်ကဖြစ်ပါသည်။ ဒီရုသဟာဆိုရင် ထူးထူးကဲကဲ ကျမ်းစာစောင် တခုဖြစ်ကြောင်း သူတို့လက် ခံခဲ့ကြပါသည်။ ဘာကြောင့်ပါလဲ။ အကယ်၍ အချစ်ဝတ္ထုဖြစ်မယ်ဆိုပါက၊ ဘာကြောင့် စာရေးဆရာတွေနဲ့ရှေးသုခမိန်တွေက ဒီစာအုပ်ကို လက်ခံပြီး၊ ဒီလိုအာရုံကွန့်မြူးမှု လုပ်ဆောင်ခဲ့ကြပါသနည်း။ဘာဖြစ်လို့လဲဆိုရင် အဲဒီမှာ ဗျာဒိတ်ကျမ်းက ပုန်းကွယ်နေသောကြောင့်ဖြစ်ပါသည်။ ဒီမှာ ပုန်းကွယ်နေသောဗျာဒိတ်ကျမ်း ရှိပါသည်၊ တကယ်ဆိုလိုရင်းကို သင်ဖမ်းမှုပြု ပါသည်။ ထိုသို့သောအရာက သင့်ကိုဘုရားသခင်နှင့် တကယ်ကိုနီးအောင် ခေါ်သွားပါလိမ့်မည်။

ဒီမနက်ခင်းမှာကျွန်တော်သည် ကျွန်တော်ဝိညာဉ်တခုလုံးကို ဆုတောင်းမှုပြုပါသည်၊ ဘုရားသခင်သည် နှလုံးသားတိုင်းကိုညိုငြင်ဖမ်းစာမှုပြုသောအကြောင့် မှင်သက်စွဲလမ်းနေရပါသည်၊ ကိုယ်တော်ကိုယ်တိုင် ဖွင့်လှစ်မှုပြုခြင်းဖြစ်ပါသည်၊ကိုယ်တော်က မည်သို့မည်ပုံဖြစ်တယ်ဆိုတာပါပဲ၊ ဒီပုံပြင်မှာ ဖြစ်တယ်။ ကိုယ်တော်သည် သင်ထံသို့သက်ရောက်စေပါသည်၊ ကိုယ်တော်ကို မည်သို့မည်ပုံ လက်ခံရမည်ဆိုတာပါပဲ။ တခါက ထိုအရာကို သင်တွေ့မြင်ရစဉ်အခါ၊သင်အစဉ်အမြဲ ထိုအရာ၏ ထိပ်ဖက်သို့မည်သို့မည်ပုံ သွားရခဲ့သည် ဆိုသောအရာက အလွန်ရိုးရှင်းသဖြင့်သင်အံ့သြရပါသည်။ သို့သော်ထိုအရာကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ ဖွင့်ဆိုမှုပြုနိုင်ပါသည်။

23 ၂၃။ ယခု၊ အများကြီး၊ သမ္မာကျမ်းစာကို ဖတ်ရှုမှုပြုပါမည်၊အဲဒါကိုဖတ်ပါ… မတ်တပ်ရပ်ပြီး၊ စာပိုဒ်ကိုဖတ်ပါ။ အဲဒါကိုသင့်ဘယ်တော့မှ ရလာမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒီမှာ စကားထာရှိလို့ပါပဲ။ အဲဒီလိုမျိုးပြုပြင်ပေးတော်မူတဲ့အတွက် ယေရှုက ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းခဲ့ပါသည်။ “ဉာဏ်ပညာနှင့် ပညာသတိရှိခြင်း၏မျက်လုံးများမှထိုအရာကို သင့်အား ကွယ်ဝှက်ထားပါမည်။ ကလေးသူငယ်ကဲ့သို့သင်ယူမှုမျိုးမှ ထိုအရာကို ရှင်လင်းဖွင့်ဆိုနိုင်မည်။”တခါတရံ ကျွန်တော်ပြောခဲ့ပါသည်၊ ဒီမနက် အနောက်ဘက်မှာ မစ္စတာဘရမ်ဟမ်၏ဇနီး ထိုင်နေခဲ့ပါသည်။သို့သော် ကျွန်တော်ကတော့ နိုင်ငံခြားရောက်နေစဉ်အချိန်က ဖြစ်ပါသည်၊ သူမက ကျွန်တော်ဆီကိုစာတစောင်ရေးပါသည်။ သူမက “ချစ်စွာသော ဘေးရေ၊ ဒီနေ့ည ကလေးတွေနဲ့အတူ ဒီနေရာမှာ ကျွန်မလာတက်ရောက်မှာဖြစ်တယ်၊ ကျွန်မဟာ သင်ကို တွေးနေမိတယ်။” ဟုဆိုထားပါသည် သူမဟာ ရှေ့ရေးကိုမျှော်တွေးပြီးလျှောက်လှမ်းမှုပြုပါသည်၊ သူမဘယ်လိုသက်ရောက် သွားမည်ကို စာရေးသားမှုပြုပါသည်။ သို့သော်ကျွန်တော် သူမကို ချစ်ပါသည်၊ သူမအရမ်းကောင်းတယ်ဆိုတာ ကျွန်တော်သိပါသည်၊ လိုင်းကြောင်းများအကြားကျွန်တော် ဖတ်ရှုနိုင်ခဲ့ပါသည်။ သူမဘာကို ဆိုလိုတယ်ဆိုတာ ကျွန်တော် အတိအကျ သိပါသည်။မြင်ပါသည်၊ ဒီနေရာမှာ သူမရေးတာဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်းမဟုတ်ပါဘူး။ မြင်လား။ ဘာဖြစ်လို့လဲဆိုရင်သူမဘာကိုဆိုလိုသလဲဆိုတာ ကျွန်တော်သိလို့ပဲဖြစ်ပါတယ်။ ဘာကြောင့်အဲလိုဖြစ်ရပါသနည်း။ အဲဒါက နီးနီးလေးနှင့်အဆက်အသွယ်ပြုခြင်းတရပ် ဖြစ်ပါသည်။ ကျွန်ုပ်တိုိ႔ဟာတလုံးတဝတည်း ဖြစ်ကြောင်း၊ သိမြင်ရပါ မည်။ သူမက ကျွန်တော် သဘောသဘာဝကို သိပါသည်၊ ကျွန်တော်လည်းသူမ၏သဘောသဘာဝကိုသိပါသည်။

သူမမလုပ်ဆောင်တာက…. သူမဟာ ထိုင်ပြီး၊ ကျွန်တော်ကို ကြည့်နေနိုင်ပါသည်၊ သူဘာပြောမယ်ဆိုတာကျွန်တော် သင်ကို ပြောပြနိုင်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ဟာ သူမကို ကောင်းစွာသိလိုပါပဲဖြစ်ပါသည်။ သူမကလည်း တူညီသော သဘောတရားကို ကျွန်တော်အား လုပ်ဆောင်မှုပြုပါသည်။ ထိုအရာကမေတ္တာပဲ ဖြစ်ပါသည်။

24 ၂၄။ မနေ့ကမနက်က ကျွန်တော်တို့နည်းနည်းလေးအိပ်ယာထနောက်ကျခဲ့ပါသည်၊ ကလေးတွေကျောင်းမသွား နိုင်ကြတော့ပါဘူး၊ ခြားနားတဲ့ အကြောင်းအရာတွေကိုကျွန်တော်တို့ပြောစရာဖြစ်ခဲ့ကြရပါသည်။ ဘယ်လိုလဲဆိုရင်… “အာ ဃာတ တရားက ဘာဖြစ်ပါသလဲ” ကျွန်တော်ပြောခဲ့ပါတယ်၊ “အာဃာတတရားဆိုတာအဆုံးသတ်သွားဖို့ရာ အစပြုလိုက် ခြင်း ဖြစ်တယ်ဆိုတာပါပဲ။ မေတ္တာကိုအစပျိုးခြင်း မဟုတ်တဲ့အတွက်ကြောင့်အဆုံးသတ်သွားရပါတော့သည်။” အာဃာတ သည် အစဉ်အမြဲ ဖြစ်၍၊ မေတ္တာက ထာဝရဖြစ်ပါသည်။ အာဃာတကစပြီး၊အာဃာတက အဆုံးသတ်ပါမည်။ မေတ္တာက တော့ ဘယ်တုန်းကမှအစမပြုခဲ့တဲ့အတွက်၊ ဘယ်တော့မှ အဆုံးသတ်မှာ မဟုတ်ပါဘူး။ သိမြင်ရမည်မှာ၊ ထာဝရဆိုသောအရာ ဖြစ်ပါသည်။

လူတယောက်ဟာမိန်းမတယောက်ကို ချစ်ပြီး၊ လက်ထက်မှုပြုပါသည်။ အဘယ်ကြောင့်ဆိုသော် သူမသည် လှပသော ကြောင့်ဖြစ်ပါသည်။ အဲဒါတွေ အဆုံးသတ်သွားပါလိမ့်မည်။ သို့သော် ယောကျ်ားတစ်ယောက် သူချစ်တဲ့ အမျိုးသမီးကိုရှာဖွေမှု ပြုပါသည်။ အဘယ်ကြောင့်ဆိုသော် သူမသိပါဘူး။ သို့သော် သူမက သူ့ကို ချစ်ပါတယ်။သူမကလည်း သူမချစ်တဲ့ ယောကျ်ားကို ရှာဖွေမှုပြုပါသည်။ — သူကကြည့်တဲ့အခါ တခုခုနဲ့တူသော်လည်းကိစ္စ မရှိပါဘူး၊ သူက သူမကို ချစ်ပါတယ်၊ သူမကလည်း သူကိုချစ်ပါတယ်— ဘုန်းထင်ရှားခြင်းအလိုငှာထာဝရတည်သော အဖော် မွန်ပဲဖြစ်ပါတယ်။ သေခြင်းမှလွဲ၍ အဘယ်သို့သောအရာမှ သူ့ကို မခွဲခွဲစေပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ထာဝရတည်သောအရာမှ လာသောကြောင့် ဖြစ်သည်။ သူတို့သည် အချိန်၏ဟင်းလင်းပြင်ဆီသို့ ထွက်ခွာကြပါသည်၊ ထာဝရတည်ခြင်းဆီသို့တဖန်ပြန်လာကြပါမည်။ ကိုယ်ထည်တခုဟု ခေါ်ဆိုရာအချိန်ကာလသို့ထာဝရတည်ခြင်းက အနည်ကျလျက်ရှိပါသည်၊ ထိုနောက် အမှန်တကယ် ထာဝရတည်ခြင်းဆီသို့ပြန်ရောက်ကြရပါမည်။ ထိုသို့သောအရာ၌ မပုတ်ပျက် နိုင်ပေ။

25 ၂၅။ မိန်းမတယောက်က လှပပါသည်၊ အလှအပဟာ အသေအချာပဲ ညှိုးနွမ်းသွားပါမည်—အဲဒီအတွက် နှစ်ကာလအ နည်းနည်းတော့

ပေးရပါမည်။ ကနေ့၊ သူမဟာ လှုပ်ခါပြီး လမ်းမပေါ်ဆင်းသွားပါမည်မိန်းမဝတ် တဝက်တပိုင်း— အဝတ်အ စားမျိုးလေးနှင့် ဖြစ်သည်— နိုင်ငံအတွင်းရှိ အလုံးစုံသောအရက်ဆိုင်များထက်၊ ဝိညာဥ်များကို ငရဲသို့ပို့ရောက်အောင် ပို့ဆောင်မှုပြုခြင်းဖြစ်ပါသည်။ဒါပေမယ့် သူမပါသာသူမ လှုပ်ခါပြီး လမ်းမပေါ်သွားနေခြင်း ဖြစ်ပါသည်၊ သူမက တခုခုပဲဆိုတာကိုတွေးစရာရှိပါသည်။ သမ္မာကျမ်းစာက၊ နောက်ဆုံးသောနေ့ရက်ကာလ၌၊ သူတို့မှာရှိတဲ့အရာကို“အဆက်မပြတ် ခြေဆန့်ခရီးနှင်ခြင်း၊ လျှောက်လှမ်းခြင်း၊ ကန့်ကလျပြုမူခြင်း [လှုပ်ခါခြင်းကိုဆိုလိုပါသည်] ဟူ၍သူတို့သွားသောအရာကို” မိန့်ဆိုမှုပြုပါသည်။ နှုတ်ကပတ်တော်သည် ပြည့်စုံခြင်းရှိပါသည်၊ အဲဒါကိုမသိပါဘူး။ အကျင့်ပျက်သောအဝတ်အစားကို ဝတ်ဆင်ပြီး ခြံစည်ရိုးမှာ မတ်တပ်ရပ်နေပါသည်၊ယောကျ်ားတွေက သူမကိုကြည့်ပါသည်၊ မသိပါဘူး (သူမဝတ်နိုင်သ လောက် သူမခင်ပွန်းဒါမှမဟုတ်သူမချစ်သူအပေါ် မဖောက်မပြန် စောင့်ထိန်းမှုပြုကောင်းပြုနိုင်ပါသည်) သို့သော် နောက်ဆုံး တရားစီရင်ရာကာလ၌ ယောကျ်ားများစွာ၏ ကိလေသာလွန်ကျူးခြင်း၏အပြစ်ဖြေဆိုရာအတွက် သူမအဖြေပေးရမည် ဖြစ်သည်။ သူတို့အပေါ် ဝိညာဥ်တခု သက်ရောက်ခြင်းရှိပါသည်။ အဲဒါကို သူတို့မသိပါဘူး။ သမ္မာကျမ်းစာက၊ “အဝတ်ချည်း စည်းဖြစ်လျက်၊ ကန်းလျက်၊ မသိရှိခြင်း။”ဟုမိန့်တော်မူပါသည်။ အလွန်ပူဆွေး ဝမ်းနည်းစရာကောင်းသည့် အပိုင်းက “ထိုအရာကို အသိရှိခြင်းပင်ဖြစ်သည်။”

သို့သော်၊လာမည့်အပတ်တနင်္ဂနွေနေ့မှာတော့၊ ဘုရားသခင်က အမျိုးသမီးငယ်အား ပေးသနားတော်မူသည့် ကောင်းမွန်သော အသွင်အပြင် ဂုဏ်အင်္ဂလက္ခဏာတို့သည် ပျက်စီးသွားနိုင်သည်ဆိုသော သင်ခန်းစာရှိမည်ကိုသင်သိခဲ့ပါ သလား။ အရပ်ကရှည်တယ်၊ အသားတော့မည်းတယ်၊ ခံညားချောမောတဲ့အမျိုးသားတယောက်မှာဘာမှအပြစ်ဆိုစရာမရှိသော်လည်း၊ အသုံးမကျတဲ့အမှိုက်သရိုက် အစုအဝေးရှိနေတာကို နောက်အပတ်တနင်္ဂနွေနေ့မှာပြောကြားသွားပါမည်။ ထိုသို့သောအရာ အားလုံးသည် ပုတ်ပျက်တတ်သောအရာ ဖြစ်ပါသည်။ သို့သော်အထဲမှာ— ဘုရားသခင်သည်၊ မေတ္တာက— ထာဝရတည်ခြင်း အတွက် အသက်ရှင်ပါသည်၊ ထိုအကြောင်း အတွင်းပိုင်းကိုကြည့်ပါ။သင့်မျက်လုံးများက ပန်းတိုင်ကို ကြည့်ရှုပြုစုပါ။

26 ၂၆။ ယခု၊ ထိုအပြုအမူအပေါ်မှာ၊ ဒီပုံပြင်ကို တစုံတခုကအစပြုပါမည်၊ ချစ်စဖွယ်လိုမျိုးပါပဲ။ ချစ်စရာကောင်းတဲ့အမျိုး သမီးဖြစ်ပါသည်၊ သူမနာမည်ကနောမိဖြစ်ပါသည်။ နောမိဆိုသောအဓိပ္ပာယ်က “သာယာမှု” ဖြစ်ပါသည်။ ဧလိမလက်က တော့ သူ့ခင်ပွန်းဖြစ်ပြီး၊“ဝတ်ပြုကိုးကွယ်ခြင်း” ဟုအဓိပ္ပာယ်ရပါသည်။ သာယာဖွယ်ရာဝတ်ပြုကိုးကွယ်ခြင်းဆိုတာ သူမမိ

သားစုပဲဖြစ်ပါသည်၊သူတို့ရဲ့သားတယောက် နာမည်ကတော့၊ “မဟာလုန်” ဖြစ်ပါသည်၊ ဆိုလိုရင်းက “နာမကျန်းခြင်း”ဖြစ်ပါသည်။ နောက်သားတယောက်၏အမည်၊ ခိလျုန် ဖြစ်ပါသည်၊ အဓိပ္ပာယ်ကတော့ “မောပန်းနွမ်းနယ်ခြင်း၊အလင်းမဲ့ခြင်း၊ ဝမ်းနည်းခြင်း” တို့ပဲဖြစ်ပါသည်။ အဲဒါတွေဟာ မိသားစုပဲ ဖြစ်ပါသည်။ သူတို့ဟာ… ဣသရေလပြည်၌ အငတ်ဘေးကျရောက် ခဲ့ပါသည်။ ပထမဆုံးအမှားက ဂျူးတွေအမြဲလုပ်တက်တဲ့ထိုနယ်မြေကို စွန့်ခွာမှုပြုခြင်း ဖြစ်ပါသည်။ ဘုရားသခင်က သူ တို့ ကို မြေကြီးပေးပါသည်။အာဗြဟံအား ထိုမြေကြီးကိုပေးအပ်ခဲ့ပါသည်၊ ဘုရားသခင်က သူ့ကို ထိုနယ်မြေအားစွန့်ခွာမသွားဖို့မိန့်တော်မူပါသည်၊ သူက ဂါအားသို့သွားခြင်းဖြင့် အမှားတခုကို လုပ်ဆောင်ခဲ့ပါသည်။ ပြဿနာတက်ပါတော့သည်။ဂျူးတယောက်ဟာ ပါလက်စ္စတိုင်းကို ဘယ်တော့မှ စွန့်ခွာမသွားပါ။ ထိုအရာက သူ၏ဝေစုအဖြစ်ရသော နယ်မြေဖြစ်ပါသည်။သူတို့သည် ကမ္ဘာအနှံ့ခြေဆန့်ခရီးနှင့်ကြပါသည်၊ ယခု သူတို့ဟာ တဖန်ပြန်လာကြရပါသည်။

27 ၂၇။ အို၊ ဒီမနက် ဒီနေရာမှာ ကျွန်ုပ်တို့ဟာ လှပတဲ့ပုံပြင်တပုဒ်ကိုပိုင်ဆိုင်ထားသလိုမျိုး ဖြစ်ပါသည်။ သူတို့တဖန်ပြန်လာ ကြပါသည်။

နောမိထွက်ခွာရခြင်းအကြောင်းကအငတ်ဘေးဆိုက်လိုပဲ ဖြစ်ပါတယ်။ နောမိနဲ့ဧလိမလက်ဟာ မောဘပြည်သို့ထွက်ခွာခဲ့ ကြပါသည်။

ယခုပုံပြင်၏ကြောရိုးကို ရစရာအကြောင်းရှိပါသည်၊ ဘာဆိုတာ သင်ဆုပ်ကိုင်ထားဖို့ရာ သင်နားထောင်ရပါမည်။အခု မော ဘပြည်မှာ၊ မောဘသားတွေရှိပါမည်၊ တရားဝင်သားသမီးမဟုတ်သော မျိုးမစစ်သော ကလေးကအစပြုပါသည်။ လောတသ မီးများ၏ သားသမီးများ ဖြစ်ပါသည်။ သောဒုံမြို့၏မီးဘေးမှ သူတို့လွတ်မြောက်လာပြီးနောက်၊ဘုရားသခင်၏ ကျေးဇူးတော် အားဖြင့် ဖြစ်ထွန်းမှုရှိလေသည်၊ အဲဒီနောက် သမီးများက ဖခင်ကိုအရက်တိုက်ပါသည်၊ မယားအဖြစ်၊ သူတို့နှင့်နေစေပါ သည်။ သူတို့ဟာ ဆက်လက်ပြီး ကလေးယူကြပါသည်၊ အဲဒီလူများထဲက တယောက်ဟာ … အစပြုပါသည်၊ မောဘပြည်ကို ဖြစ်ထွန်းစေပါသည်။အဆိုအရကတော့ ခရစ်ယာန်တွေ ရှိလာစေတယ် ဆိုတာပါပဲ၊ သို့သော် ဒိဋ္ဌိအယူဝါဒနှင့် ရောနှော နေပါသည်။ သိမြင်ရမည်မှာ၊ ကတိထားတော်မူသောမြေကြီးကို စွန့်ခွာခဲ့သည်ဆိုတာပါပဲ၊ အဲဒါ ဘယ်လောက်ဆိုးဝါးပါစေ အ ကြောင်းမဟုတ်ပါဘူး၊ အခြားနယ်မြေသို့ထွက်ခွာလာကြပါသည်၊ ပြဿနာကို ဆောင်ယူခဲ့ပါသည်။

28 ၂၈။ ယုံကြည်သူတယောက်ဟာ အချိန်မရွေး ဘုရားသခင်သူအားပေးသနားတော်မူသောနယ်မြေကို စွန့်ခွာစရာအ ကြောင်းရှိပါသည်…. နိုင်ငံရေး၌ အကြိမ်ပေါင်းများစွာ ဖြစ်ခဲ့ပါသည်။ (ဒီရွေးကောက်ပွဲဟာရောက်လာတာ၊ ရှေ့ခရီးကို ဆက်ပါမည်။) လူကောင်းတယောက်ဟာ ကောင်းမွန်တဲ့ လူတယောက်ဖြစ်နိုင်ပါသည်။ထိုနယ်မြေများကို သူဟာ လှည့်လည်သွားလာမှုပြုပါသည်၊ အချို့သာသနာပြုဆရာမျိုးတွေကို ဖြစ်ကြောင်းကျွန်တော်သိပါသည်၊ မြို့တော်ဝန်ထံသို့ပြေးကြပါမည်။ သူသေဆုံးသွားသောအခါ၊ သူ့ရဲ့သာသနာနယ်မြေမှထွက်ခွာကြပါသည်၊ စာတန်က သူ့ကို ထုတ်ဆောင်သွား ခြင်းဖြစ်ပါသည်။

မည်သည့်ခရစ်ယာန်မဆိုထိုနယ်မြေမှ ထွက်ခွာမယ်ဆိုရင်၊ “ကောင်းပြီ၊ ဒီနေ့ညပဲ သင်သွားပါ၊ ခဏတာအတွင်း လောင်းကစားဝိုင်းမှာ ကောင်းလေးများနှင့် ထိုင်နေပါ၊ ကျွန်တော်ဟာ နာကျင်စေအောင်လုပ်မှာ မဟုတ်ပါဘူး။နည်းနည်းလေးတော့ ကျွန်တော်သောက်ပါမည်။ သင်ဟာသင့်မြေကြီးကို စွန့်ခွာမှုပြုပါသည်။ပြန်လာပါ။ပြဿနာအတွက် သင်၏အကြောင်းအရာ တွင်ပေါ်သာ အခြေချထားသောကြောင့် ဖြစ်ပါသည်။” “အို၊ မိန်းကလေးများ၏ဆေးလိပ်သောက်ခြင်း အလုံးစုံကို ရပ်နား သွားဖို့ရာ၊ တခုသောအရာကို ကျွန်တော်ကြိုးစားပါမည်။”သင့်နယ်မြေများကို သင်စွန့်ခွာပါသည်။ အဲဒီလိုမလုပ်ပါနှင့်။ သင့် အိမ်နေရာ၌ တည်နေပါ။

“ကောင်းပြီး၊ဒီမှာ လူတိုင်းရှိနေပါသည်။ သူတို့အားလုံးက ကျွန်တော်ကို ရှေးဆန်စေပါသည်၊ သူတို့က ကျွန်တော်ကို(ပုံစံ- အဟောင်း၊)”

ဟုခေါ်ဆိုမှုပြုပါသည်၊ ဘယ်လိုပဲဖြစ်ဖြစ် တည်နေပါ။ အဲဒါက သင့်နေရာဖြစ်ပါသည်။ခရစ်တော်၌ တည်နေရပါ မည်။

29 ၂၉။ နောမိဖြစ်ပါတယ်၊ အကြောင်းမှာ အငတ်ဘေးကြောင့်ဖြစ်ပါတယ်၊နယ်မြေမှ လှည့်လည်သွားလာခဲ့ရပါသည်။ မောဘပြည်သို့ သွားခဲ့ပါသည်၊ အစာကို ရှာဖွေခဲ့ရခြင်းဖြစ်သည်။ သူမအဲဒီလို လုပ်ဖို့အစီအစဉ် မရှိခဲ့ပါဘူး။ အကြောင်းမှာ သူတို့ဟာ ယုဒပြည်မ၌ခိုနားစရာအကြောင်းရှိလိုပါပဲ ဖြစ်ပါတယ်၊ ဗက်လင်မြို့မှာဖြစ်ပါတယ်။ ဗက်လင်မြို့၏ အဓိပ္ပာယ်မှာ၊ဗက်လင်ဆိုတာ၊ “ဘုရားသခင်၏ အိမ်တော်၊ ဂုဏ်တော်ချီးမွမ်းရာ အိမ်တော်ဖြစ်ပါသည်။” သူတို့သည်အဲဒီမှာ၊ နေထိုင်ကြ ပါသည်။ သူမဟာ သူမရဲ့ခင်ပွန်းနှင့်အတူ အဝေးသို့ ထွက်ခွာခဲ့ကြပါသည်၊သူမရဲ့သားနှစ်ယောက် မောဘအမျိုးသမီးများနှင့် ထိမ်းမြားခဲ့ကြပါသည်။ သို့သော် ဘုရားသခင်ဟာတစုံတခုကို ဆောင်ရွက်ဖို့သူတို့အား ဘိသိက်ပေးခဲ့ပါသည်၊ ဘယ်လိုပဲ ဖြစ်ဖြစ် အဲဒါက ဖြစ်ပျက်ရပါမည်။ထိုအရာ၏ အကြောင်းပြချက်မှာ ကြိုတင်ခွဲခန့်မှတ်သားခြင်းတွင် ရှိမည်ဖြစ်ကြောင်း ကျွန်တော်အသေအချာယုံကြည်ပါသည်။ ဘုရားသခင်သည် အကြောင်းအရာတို့ကို ကြိုတင်သိမြင်သောအစွမ်းရှိပါသည်။အဲဒီနောက် မိသားစုကို သေခြင်းတရားက ထိုးနှက်မှုပြုကြောင်းကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပါသည်၊သူတို့အနောက်ဘက်ကို အစပြုခဲ့ကြရပါသည်။ ကောင်လေးကိုသတ်ခဲ့ပါသည်.... သေခဲ့ပါသည်။ ကောင်လေးတွေလည်းသေ၊ ဖခင်လည်း သေဆုံးခဲ့ ကြပါသည်။ရုသက အနောက်ဘက်ကနေ စတင်မှုပြုခဲ့ပါသည်။ ဩရဖနှင့် နောမိတို့လည်း ပါပါသည်။

30 ၃၀။ ယခု၊ နှစ်သက်စရာအကြောင်းကို ကျွန်တော်အလိုရှိပါသည်၊ဒီမနက်ခင်းမှာ ဖြစ်တယ်၊ နောမိဟာဆိုရင်၊ အသက်ကြီး သူအမျိုးသမီးတယောက်ဖြစ်ပါတယ်၊ အော်ဆိုဒေ့ါဇ်အသင်းတော်ထံသို့ဦးတည်ပါသည်၊ ဂျူးအော်ဆိုဒေ့ါဇ်အသင်းတော် ဖြစ်ပါ သည်။ ရုသကတော့၊ မောဘအမျိုးသမီးဖြစ်၍၊တပါးအမျိုးသား ဖြစ်ပါသည်၊ ခရစ်ယာန်အသင်းတော်ဖြစ်လာပါသည်၊ အသင်း တော်သစ်ဖြစ်ပါသည်။

အဲဒါကိုကျွန်တော်က ကွဲလွဲတဲ့စာပုဒ်လေးခုမှ ချဉ်းကပ်မှုပြုပါမည်၊ ရုသဟာ (ဒီမှာရေးစရာ ကျွန်တော်ရှိပါသည်)ရုသက ဆုံးဖြတ်ခဲ့ပါသည်၊ သူမဟာ ဆုံးဖြတ်ချက်ကို လုပ်ဆောင်ခဲ့ပါသည်၊ ရုသဟာ အစေခံပါသည်၊ရုသဟာ ခိုလှုံခဲ့ရပါသည်၊ ရုသ ဟာအကျိုးကျေးဇူးကို ခံစားခဲ့ရပါသည်၊ ရုသဟာ အကျိုးကိုခံစားခဲ့ရပါသည်။ ကျွန်ုပ်တို့ပြန်လာပါသည်။ ရုသသည် ဆုံးဖြတ် ချက်ကို ချခဲ့ပါသည်။ ရုသသည်သူမ၏ ဆုံးဖြတ်ချက်ကို သူမလုပ်ဆောင်ပြီးနောက် သူမဟာ အစေခံမှုပြုပါသည်။ ရုသသည် ခိုလှုံမှုပြုခဲ့ရပါသည်။ ရုသသည် အကျိုးကို ခံစားခဲ့ရပါသည်။

31 ၃၁။ ယခု၊ အနောက်ဘက်က လမ်းပေါ်မှာ ဖြစ်ပါတယ်။ အချိန်တခုရောက်လာပါမယ်... သူမသည် အသင်းတော်၏ပုံစံ တခုဖြစ်ပါသည်၊ သို့မဟုတ်ခရစ်ယာန်တို့၏ပုံစံဖြစ်ပါမည်၊ တဦးချင်းတယောက်ချင်းစီက ခရစ်ယာန်တို့၏ အလုံးစုံသော နိုင်ငံတခုကိုကိုယ်စားပြုပါသည်။ သင်ကဆိုပါမည်။ “ဒါပေမယ့် ကျွန်တော်ဟာ ရိုးရိုးအသင်းသားတယောက်ကဲ ဖြစ်ပါတယ်။”အဲဒါက အကြောင်းမဟုတ်ပါဘူး။ သင်ဟာ ခရစ်ယာန်ဟု အမည်ခံလိုက်တဲ့ အချိန်မှာဆိုရင်၊ ကိုယ်တော်၏အသင်းတော်၌ ရှိသော ခရစ်တော်ကို ကိုယ်စားပြုရမည်ဖြစ်သည်။ အဲဒီလိုမျိုး သင်အသက်ရှင်သင့်ပါသည်။သင်ဟာ ဂုဏ်သရေရှိ လူကြီးမင်းတွေလို၊ အမျိုးသမီးတွေလို အသက်ရှင်သင့်ပါသည်၊ လောကအကြောင်းအရာများကိုဘယ်တော့မှ လုပ်ဆောင်မှုမ ပြုပါနှင့်၊ အဘယ့်ကြောင့်ဆိုသော် အလုံးစုံသောကောင်းကင်နှင့်မြေကြီး၏မျက်စိတို့သည် သင့်အပေါ်သို့သက်ရောက်ခြင်းရှိ မည် ဖြစ်သောကြောင့်ပေတည်း၊ ထိုအရာတခုကိုကိုယ်စားပြုရန်ဖြစ်ပါသည်။ သင်ဘယ်လောက်အားတယ်ဆိုတာ အ ကြောင်းမဟုတ်ပါဘူး၊ သင်ဘယ်လောက်သေးငယ်တယ်ဆိုတာ အကြောင်းမဟုတ်ပါဘူး၊ သင့်ခေါင်းကို တည့်တည့်ထားပါ၊ ဘာဖြစ်လို့လဲဆိုရင်သင်ဟာ ခရစ်ယာန်တယောက်ဖြစ်လို့ပါပဲ။

32 ၃၂။ ယခု၊ ရုသဟာဆိုရင်၊ ဒိဋ္ဌိတယောက် (ရုပ်တုကိုးကွယ်သူ)ဖြစ်ပါသည်၊ ဩရပကောပါပဲ။ သူတို့ဟာလမ်းပေါ်တွင် ဖြစ်ပါသည်။ ယောက္ခမနှင့်အတူ ပြန်ရောက်လာကြပါသည်၊အဘယ်ကြောင့်ဆိုသော် ဗက်လင်မြို့ ယုဒပြည်၌ ကျရောက် အောင်အရာကို ကြားသိခဲ့ရလို့ပဲ ဖြစ်ပါတယ်၊ဘုရားသခင်သည် ရောဂါဆိုးကို ဆောင်ယူ၍၊ လူတို့ကို အစာရေစာ ပေးသနားတော်မူသည်ဟု ကြားသိရခြင်းကြောင့်ဖြစ်သည်။ သူမဟာဆယ်နှစ်ယောက် အဲဒီမှာ ရှိနေခဲ့ပါသည်။ ဒါကြောင့် အဒါရှင်းက ပြောကြားခဲ့ပါသည်၊ဆယ့်နှစ်လောက်ရှိသည်ဟု ဆိုပါသည် (သမိုင်းပညာရှင်ဖြစ်သည်)

ပြန်လာပါ၊ဝမ်းနည်းခြင်းသည် (သူမခင်ပွန်းနှင့်၊ သူမ၏သားများ သေဆုံးခြင်းဖြစ်ပါသည်။) ချွေးမနှစ်ယောက်နှင့်အတူ၊အဲဒီနောက် သူမပြန်ခဲ့ပါသည်၊ မလွဲသာမရှောင်သာ၍ ဖြစ်သည်၊ သူတို့ကို ကြည့်ရှုပြုစုပါသည်။“ဘာကြောင့် သင့်တို့ငါနှင့်အ တူ သွားလာကြသနည်း။” အခု၊ သင်တို့ဘာတခုမှ၊ မလုပ်ဆောင်နိုင်သော်လည်း၊ပြဿနာရှိပါသည်။“ ”ဘုရားသခင်၏လက် တော်သည် ငါ့အားဆန့်ကျင်တိုက်ခိုက်မှုပြုခြင်းကြောင့်ငါသည် ဝမ်းနည်းစရာအကြောင်းရှိလေသည်။“ ဟုပြောကြားမှုပြုပါ သည်။

33 ၃၃။ ဣသရေလတို့ထိုအရာကို ဘယ်နှကြိမ် ဘယ်နှခါလောက်စဉ်းစားခဲ့ပါသနည်း။ ထိုသို့သောအရာက အလုံးစုံသော ဘုရားသခင်၏ အကြံအစည်တော်ကို သိနိုင်စရာအကြောင်းမရှိပေ။ဝမ်းနည်းပူဆွေးခြင်းနံရံကြီးက ဂျေရုဆလင်မြို့ပြင်၌ရှိ နေဆဲဖြစ်ပါသည်။ ဗိမာန်တော်၏ ကျောက်တုံးအဟောင်းများကို၊သူတို့က ကောက်ယူပြီး၊ နံရံတိုင်းတချပ်ပြုလုပ်ခဲ့ပါသည်။ သူတို့သည် မျက်ရည်ကျ၍၊ ငိုကြွေးလျက်ကျွမ်းကျင်လိမ္မာစွာ ကျောက်တုံးတို့ကို ပွတ်တိုက်ကြပါသည်၊ ဂျူးတို့၏လက်ရာများ ဖြစ်ပါသည်၊ယေဟောဝါဘုရားကို တောင်းခံကြပါသည်၊ “ယေဟောဝါဘုရား” ယခု သူတို့၏အချိန်နာရီမှာ လက်ထဲမှာပင်အလွန်နီးနေပြီးဆိုသော အရာကို သူတို့သဘောပေါက်နားလည်ခြင်း မရှိပါ။ ဝမ်းနည်းပူဆွေးခြင်းတံတိုင်း ဖြစ်ပါသည်။ သ ဘောကြီး၏ပဋိညာဉ်ပြုချက်၌ ဤကျောက်တုံးများသည် တရံရောကာလက ဆောက်လုပ်ခြင်းကိုခံခဲ့ရပါသည်။ ဤ ကျောက်တုံးများကို ဘုရင်ကြီးဒါဝိဒ်က ကြည့်ရှုမှုပြုခဲ့ပါသည်။ အို၊ ယေဟောဝါဘုရားသခင်၊ ကိုယ်တော်အဘယ်အရပ်မှာ ရှိပါသလဲ။ မကြာခင်မှာပဲ ဘုရင်ကြီးရောက်လာ၍ သူမကို သိသွားစရာအကြောင်းမရှိပါ၊သူမရဲ့ကယ်တင်ရှင် ဖြစ်ပါသည်။ အကြောင်းပြချက်လေးတခုအတွက် သူတို့ကို

အဆက်ဖြတ်သွားစရာအကြောင်းရှိပါသည်။

34 ၃၄။ နောမိ အံ့သြခဲ့ရပါသည်၊ "အဘယ့်ကြောင့် ဘုရားသခင်၏လက်တော်သည်ငါ့အား အလွန်ရက်စက်မှုပြုရပါသနည်း ၊ငါ့ချွေးမတို့' ဘုရားသခင်က ငါကို ပစ်ပယ်တော်မူ၏။ဘုရားသခင် ငါ့အား အပြင်သို့ လွှင့်ပြစ်လိုက်ပါသည်။ ကျွန်တော် ဘာတွေအမြဲ လုပ်တယ်ဆိုတာကျွန်တော်မသိရှိပါဘူး၊ သို့သော် လွှင့်ပစ်လိုက်ပါသည်။ သိမြင်ရမည်မှာ၊ ဘုရားသခင်သည် သူအစီအစဉ်၌အလုပ်လုပ်သည်ဆိုတာပါပဲ။ အဘယ်ကြောင့်ဆိုသော်၊ "သူတို့အား ကောင်းမွန်စေခြင်းအလို့ငှာ၊အလုံးစုံသော အရာကို အတူတကွ လုပ်ဆောင်မှုပြုသောအရာသည်၊ ဘုရားသခင်ကို ချစ်ခြင်းပင် ဖြစ်ပါသည်။"ဘာဖြစ်ဖြစ် ကိစ္စမရှိပါဘူး။

သူမက"သင်မိခင်ထံသို့ပြန်ပါ၊ သင်မိခင်၏အိမ်၌ ခိုလှုံစရာကို ရှာဖွေပါ။ သင်တို့၏ခင်ပွန်းကသေဆုံးသွားခဲ့ပြီးဖြစ်သည်၊ သင်တို့ဟာ ငယ်ရွယ်ပြီး၊ လှပတဲ့အမျိုးသမီးများ ဖြစ်ကြပါတယ်၊ပြန်ကြတော့။ သင်တို့လာရာအရပ်ကိုပြန်ပြီးတော့၊ အဲဒီမှာ ခိုလှုံစရာကို ရှာဖွေလော့။ ဘုရားသခင်သည်သင်အား သနားညှာတာခြင်းအကြောင်းမှာ သင်တို့သည် သေမျိုးဖြစ်သော ကြောင့်ပေတည်း၊ သင်တို့၏လင်ယောကျ်ားများ သေဆုံးပြီးစဉ်ကတည်းက သင်တို့သည် အကျင့်စာရိတ္တကောင်းမွန်စွာ အသက်ရှင်ခဲ့ကြပါသည်။သင်တို့သည် ငါ့အား ကြင်နာစွာပြုမူ၏၊ မုတ်ဆိုးမအိုကြီးမှာ ခင်ပွန်းသည်မရှိ၊ ငါသည် သင်တို့ကိုခိုင်မာစေမည်၊ အိမ်ကို ပြန်ကြတော့၊ ဘုရားသခင်သည် သင်တို့၏အိမ်၌ ခိုလှုံစရာကိုပေးသနားတော်မူပါစေသော။"သူတို့က ငိုကြွေးကြပါသည်။

35 ၃၅။ သူမက "ငါအိုပြီ၊ ငါက ကလေးမရနိုင်တော့ဘူးလေ။ သို့သော်ငါက ယောကျ်ားတယောက်ယူရင်တော့၊ ကလေးတယောက် ရစရာရှိတယ်၊ ကောင်းသွားအောင် အဲလိုလုပ်ရမလား။အဲဒီကလေးကို နင်တို့စောင့်နေနိုင်မှာ မဟုတ် ပါဘူး။" ဟုပြောခဲ့ပါသည်။ သူတို့၏နေ့ရက်ကာလသည်တကယ့်ကို ပညတ်တရား၌ ရှိနေခဲ့ကြရပါသည်။ အကယ်၍ ညီအစ် ကိုက သေလျှင်၊ သူ ရဲ့… အခြားညီအစ်ကိုက လူလွတ်ဖြစ်ပါမည်၊ သေလွန်သူညီအစ်ကို၏အမည်နာမ ဂုဏ်တက်စေခြင်းအလို့ငှာ၊ သူ့ဇနီးကို သိမ်းပိုက်စရာအကြောင်းရှိလေသည်။

"သို့သော်၊"သူမက၊ ဒီကလေးလေးတွေကို၊ သင်တို့စောင့်လို့ရမှာ မဟုတ်ပါဘူး။ ဒါကြောင့် အိမ်သို့ပြန်တော့၊သင်တို့ခင်ပွန်း များ၏ အိမ်၌ ခိုလှုံစရာကို သင်တို့ကိုယ်တိုင် ရှာဖွေမှုပြုလော့။ သင်တို့မိခင်များဆီသို့ပြန်ကြတော့။" ဟုဆိုပါသည်။

သြရပမှာမပူမအေးနွေးနွေးဖြစ်သော အသင်းတော်၏ပုံစံကို တရံရောအခါက အစပြုခဲ့ပါသည်။ အသင်းတော်၏ ပုံစံကအလုံးစုံသောလမ်းကြောင်းဖြင့် သွားမှာမဟုတ်ပါဘူး။ သူမက "အသံသာယာသည်။" ဟုဆိုခဲ့ပါသည်။ဒါကြောင့် သူမဟာ သူ မရဲ ယောက္ခမကိုနမ်း၍ အိမ်သို့ပြန်သွားခဲ့ပါသည်။ သူတို့ဟာ ယေရှုကိုခရစ်တော်အဖြစ် ယုံကြည်ကြပါလိမ့်မည်၊ ပြီးရင်တော့ လှည့်ပြန်ပြီး၊ သူတို့ထွက်ပေါ်လာရာနေရာဆီသို့လှည့်ပြန်သွားမှာပဲ ဖြစ်ပါတယ်။ ဘုရားသခင်၏ အနည်းငယ် သော စက်ဆုပ် ရွံရှာမှုနှင့်အတူလူဆီသို့၊ နည်းလမ်းတကျ ထိုအရာက ပန္နက်ရိုက်မှုပြုမည် ဖြစ်သည်၊ အဲဒီနောက် ပြန်လှည့်ကာ၊ထွက်ခွာ သွားပါမည်။ "ခွေးသည် အန်ဖက်ကိုပြန်စားသကဲ့သို့၊ အစားကျူးသောဝက်သည် ညစ်ညမ်းမှု၌မွေ့လျော်သကဲ့သို့ဖြစ်သည်။" ဟုသမ္မာကျမ်းစာက မိန့်တော်မူပါသည်။

36 ၃၆။ ယခု၊ သူမဟာ သူမရဲ့ဘုရားဆီသို့ပြန်သွားခြင်းဖြစ်ပါသည်၊ ကျွန်ုပ်တို့ဟာ ကြိမ်ဖန်များစွာကျွန်ုပ်တို့အစပြုခဲ့ သည့်ဘုရားများဆီသို့ပြန်ရောက်သွားတက်ပါသည်။ ကျွန်ုပ်တို့ဟာ လွဲမှားသောအရာများကိုပြုပြီးနောက် ၊ ရမ္မက်ထန်သောမျက်လုံးများကို ရရှိကောင်းရရှိနိုင်ပါသည်။ ကျွန်ုပ်တို့ဟာ ကိလေသာလွန်ကျူးခြင်းဆီသို့တဖန်ပြန်ရောက်ကောင်းပြန်ရောက် နိုင်ပါသည်။ ကျွန်ုပ်တို့ဟာ သောက်စားခြင်းဆင်းတုကိုင်း၊ဆေးလိပ်သောက်ခြင်း ရုပ်ပွားတော်ကိုင်း၊ လှည့်စားခြင်း ရုပ်တုကိုင်း၊ ခိုးဝှက်ခြင်းဆင်တုကိုင်း၊ အမျိုးစုံသောရုပ်ပွားဆင်တုများကို ပိုင်ဆိုင်ထားကောင်း ပိုင်ဆိုင်ထားပါမည်၊ အဲဒီ နောက်အတိအလင်း ကြေငြာမှုပြုပါသည်။ ဗတ္တိဇံခံခဲ့ပါသည်၊ အဲဒါပြီးရင်တော့ ပြန်သွားမှာပဲဖြစ်ပါတယ်။ဝမ်းနည်းဖွယ် ရာအကြောင်း ကိစ္စတခုပဲဖြစ်ပါတယ်။ သင်အမှတ်ရရမည်မှာ၊ ထိုသို့သော အရာက သူမရဲ့နာမည်ကိုဘယ်သောအခါမှ ပို၍ပြောကြားစရာ အကြောင်း မရှိဘူးဆိုတာပါပဲ။ သူမဟာ အသင်းတော်ပြင်ပ ထုတ်ပယ်ခံရခြင်းအကြောင်းမှာ သူမ၏ဆုံး ဖြတ်ချက်ကြောင့် ဖြစ်ပါသည်။

မပူမအေးနွေးနွေးအသင်းတော်ဖြစ်ပါသည်၊ မပူမအေးနွေးနွေးရှိသော ယုံကြည်သူများ ဖြစ်ပါသည်။ — ယုံကြည်သူတိုင်းကအသင်းတော်ကို ကိုယ်စားပြုပါသည်။ အမေရိကန်တိုင်းက အမေရိကန်တိုင်းကို ကိုယ်စားပြုပါသည်။ဂျာမနီကို ကိုယ်စားပြု ပါသည်။ ဂျာမန်တိုင်းက ဂျာမန်နီကို ကိုယ်စားပြုပါသည်။ ခရစ်ယာန်တိုင်းကခရစ်တော်ကို ကိုယ်စားပြုကြပါသည်။

37 ၃၇။ ဒီနေရာမှာ၊ သူမဟာ နောက်သို့ပြန်လှည့်သွားပါသည်။သူမထွက်ပေါ်ရာ အကြောင်းတရားဆီသို့သူမပြန်သွားခြင်း ဖြစ်ပါသည်။ ထိုလူများက ဘယ်လိုဖြစ်ပါသလဲ။တရားဟောဆရာများသည်ပင်လျှင် တခါတရံ၊ ဘုရားသခင်၏လမ်းကို ယူဆောင်သွားကြပါသည်။ သင်ဟာ သူတို့ကိုသန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံအကြောင်း ပြောကြားသောအချိန် ကာလ ရှိပါသည်။ "အာရုံခံစားမှုကင်းမဲ့နေပါသည်။"အဲဒီကနေအဝေးကို လှည့်သွားခဲ့ပါသည်။ သူကတော့ သြရဖပဲ ဖြစ်ပါသည်။

သူတို့အားယေရှုခရစ်တော်၏နာမအကြောင်း ပြောကြားမှုပြုပါသည်။ "သင်အား ကယ်တင်စေခြင်းအလို့ငှာ လူများအကြားကောင်းကင်အောက်အရပ်တွင် အခြားသောအမည်နာမသည် တည်စရာအကြောင်း မရှိပေ… အဲဒီနောက် ယေရှုပြောကြားခဲ့ ပါသည်။ ပန်တီကော်စတယ်၏နေ့ရက်ကာလကဖြစ်ပါသည်၊" အကယ်၍ သင်တို့သည် ကယ်တင်ခြင်းကို ခံယူလိုပါက၊ နောင်တရ၍၊ သင်တို့၏အပြစ်ကိုဖြေလွှတ်စေခြင်းအလို့ငှာ၊ ယေရှုခရစ်တော်၏နာမ၌ ဗတ္တိဇံကို ခံကြလော့။" ဟူ၍ဖြစ်ပါ သည်။အဲဒါက သူတို့မည်သို့မည်ပုံ ပြန်လည်အပ်နှံခြင်းမျိုးဆိုသောအရာပဲ ဖြစ်ပါတယ်။ လူတယောက်က၊အဘယ်ကြောင့် ဆိုသော် ထင်ပေါ်ကျော်သောကြောင့်ဖြစ်ပါသည်— ထိုသို့သောအရာအပေါ်တွင် သူဟာသမ္မာကျမ်းစာကို ကိုင်ထားခြင်းမရှိ ပါ— သို့သော် အဘယ်ကြောင့်ဆိုသော် ထင်ပေါ်ကျော်ကြားခြင်းကြောင့်ဖြစ်ပါသည်၊အသင်းတော်ကို နမ်းပါလိမ့်မည်။ သတင်းစကားကို နမ်းပါမည်၊ ခရစ်တော်၏ ခွဲခွာနှုတ်ဆက်ခြင်းကိုနမ်းမှုပြုပါမည် သူထွက်လာတဲ့အခေါင်းပေါက်နေရာဆီသို့ပြန်သွားပါမည်။ သြရပဟာ—

မပူမအေးနွေးနွေးနှင့်အသင်းတော်ပြင်ပသို့ဖယ်ထုတ်ခံခဲ့ရပါသည်။

38 ၃၈။ သို့သော်၊ အို အဲဒီရုသလေးကို ဘယ်လိုကြိုက်နှစ်သက်မှန်းမသိပါ။သူမဟာ ဆုံးဖြတ်ချက်တစုံကို ချမှတ်ခဲ့ရပါသည်။ ကျွန်တော်မှာ ဆုံးဖြတ်ချက်တခုကို ပြုလုပ်စရာရှိပါသည်။သင်မှာလည်း ဆုံးဖြတ်ချက်တခုကို ချမှတ်စရာအကြောင်းရှိပါ သည်။ ဒီမနက် အချို့သော ဆုံးဖြတ်ချက်ကိုချမှတ်မှုမပြုဘဲ၊ ဤသို့သောတခါးများကနေ ဘယ်လိုမှ သင်ထွက်ခွာလို့ရမှာမ ဟုတ်ပါဘူး။ ကနေ့ဒီအခန်းကနေ၊ သင်ထွက်သွားလို့မရပါဘူး.... ပိုကောင်းတဲ့ယောက်ျား၊ ပိုကောင်းတဲ့မိန်းမ၊(သို့မဟုတ်) ပိုဆိုးတဲ့ယောက်ျား၊ ပိုဆိုးတဲ့မိန်းမ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထိုအရာကိုငြင်းပယ်စရာအကြောင်းရှိပါသည်၊သင်ကတော့ အဆိုးစွန်ဆုံး ဖြစ်သွားပါမည်။ ထိုအရာကို သင်ရရှိစေရန်အတွက် နောက်တကြိမ် ပိုမိုခက်ခဲလာပါလိမ့်မည်။သို့မဟုတ် သင်ထွက်သွားတာပိုကောင်းပါလိမ့်မည်။

သူမအသက်တာမှာပြသမှုတခုက ရောက်ရှိလာပါသည်၊ လူတိုင်း၏အသက်တာတွင်လည်း ပြသမှုတခုခုသက်ရောက်လာ တတ်ပါသည်။ ရုသဟာ ဆုံးဖြတ်ချက်တခုကို လုပ်ဆောင်ခဲ့ပါသည်။ ဒါကြောင့်သူ့ယောက္ခမသူ့ကို ပြောကြားသောအရာကိုသမ္မာကျမ်းစာက မိန့်တော်မူခဲ့ပါသည်။ “သင်ညီမ လုပ်သလို၊ သင်၏ဘုရားသခင်များဆီသို့ပြန်သွားတော့။ကြက်သီးမွေး ညင်းထစေသောအမူသို့ပြန်တော့။ ဘာကြောင့် သင်ပြန်မသွားတလဲ။” ဆိုတာပါပဲ။

ဧဝံဂေလိတရားဟောပြောသူများသည်“သင်တို့သွားလိုလျှင်၊ သွားနိုင်ကြပါသည်။” စစ်မှန်တဲ့တရားဟောတရားအမှန် အကန်များသည်လူတွေရဲ့အဆင့်အတန်းအပိုင်းအခြားမတိုင်မီ ထိုအရာကို ထားထားပါလိမ့်မည်။ “သင်ဟာ ဆုံးဖြတ်ချက်ကိုချမှတ်ရပါမည်။ သင့်ခြေထောက်အပေါ်သင်ရပ်ရပါမည်။” မပူမအေးနွေးနွေး၊ ခပ်ပစ်ပစ် ခပ်ကျဲကျဲ၊ထွက်လိုက်ဝင်လိုက်မျိုး ဖြင့်၊ ထိုအရာကိုပြောလို့ရမှာ မဟုတ်ပါဘူး။ သို့သော် ဘုရားသခင်၏စစ်မှန်သော အစေခံက ထိုအရာကို သင်၏အပေါ်တွင် တင်ထားပေးပါမည်။ “သင်၏ဆုံးဖြတ်ချက်ကို ချမှတ်ရပါမည်။”

39 ၃၉။ ရုသက။ “သင်သွားတဲ့နေရာကို ကျွန်ုပ်သွားမည်၊ သင်၏လူမျိုးဟာအကျွန်ုပ်လူမျိုး၊ သင်၏ဘုရားဟာ ကျွန်ုပ်ဘုရား၊ သင်နေမယ့်နေရာမှာ၊ ကျွန်ုပ်နေမည်၊ သင်သေလျှင်၊ကျွန်ုပ်သေမည်၊ သင်ကသင်္ဂြိုလ်ခြင်းကိုခံလျှင်၊ အကျွန်ုပ်လည်း သင်္ဂြိုလ် ခြင်းကိုခံမည်။”ဟုပြောကြားခဲ့ပါသည်။ အဲဒါဟာတကယ်ကို စစ်မှန်တဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်။

“ဘုရားသခင်၊ကျွန်ုပ်သည် ကိုယ်တော်အား ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံပါမည်။ အကယ်၍ သမ္မာကျမ်းစာက ”နောင်တရလော့၊ ယေရှုခရစ်တော်၏နာမ၌ ဗတ္တိဇံခံလော့။“ ဟုဆိုလျှင်၊ ကျွန်ုပ်ပြုပါမည်။ အကယ်၍ သမ္မာကျမ်းစာက၊သန့်ရှင်းသော် ဝိညာဉ်တော်ကို ကျွန်ုပ်လက်ခံရမည်ဆိုပါက၊ ကျွန်ုပ်လုပ်ဆောင်မှုပြုပါမည်။အကယ်၍ သမ္မာကျမ်းစာက ကျွန်ုပ်အား ယေရှုခရစ်တော်သည် ယနေ့၊ မနေ့၊ နောင်ကာလ အစဉ်အမြဲ ပြောင်းလဲခြင်းမရှိဟုဆိုလျှင်၊ကျွန်ုပ်ယုံကြည်ပါမည်။ ကိုယ်တော်၏ရေးသားချက်၊ ကိုယ်တော်၏ဖြစ်တည်မှုအတွက် သမ္မာကျမ်းစာနှင့်ဘုရားသခင်ကို ကျွန်တော် ယူတင်ဝတ် ဆောင်မှုပြုပါသည်၊ ဘယ်သူတွေ ဘာပြောပြော အကြောင်းမဟုတ်ပါဘူး။ တကယ်ကို စစ်မှန်တဲ့ ရုသပဲ ဖြစ်ပါတယ်။

သူမဟာသူမရဲ့ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်။ သူမဟာ ပြန်သွားတာ ဒါမှမဟုတ် ရှေ့ဆက်တာမျိုးလုပ်ဆောင်နိုင်ပါသည်။ ဒီမနက်ခင်း တူညီတဲ့မြေပြင်ပေါ်မှာ ကျွန်ုပ်တို့ဟာ မတ်တပ်ရပ်နေကြခြင်းဖြစ်ပါသည်။ ပြန်သွားတာ သို့မဟုတ် အရှေ့ကိုဆက် သွားတာမျိုးပါ။ ဘယ်တော့မှ နောက်ပြန်မလှည့်ပါနဲ့။အရှေ့ကိုသွားကြပါစို့။ သူတို့ဟာ ကတိတော်နှင့်စပ်ဆိုင်သော နယ်မြေ ဆီသို့ သွားရောက်ခဲ့ကြပါသည်၊ လူစိမ်းတို့၏ နေရပ်သို့ဝင်ရောက်ခဲ့ကြပါသည်။

40 ၄၀။ ရုသဟာ၊ယခု ယုံကြည်သူ၏ပုံစံ ဖြစ်ပါသည်။ ယုံကြည်သူဆိုတာဘာလဲ။ သူမသို့မဟုတ် သူထွက်လာစဉ်အခါ၊ လောကကြီးမှာ လူပုဂ္ဂိုလ်တယောက်သည်၊ ခရစ်ယာန်ယုံကြည်သူများအကြားမှသူဟာရောက်လာခြင်းဖြစ်ပါသည်။ အမျိုးသမီးများဟာ ဆေးလိပ်သောက်၊ အရက်သောက်၊ ပျော်ပွဲရွှင်ပွဲ၌လောင်းကစားလုပ်ပြီး၊ ရှေ့ဆက်ခရီးနှင်ပါမည်။ အလုံး စုံသော စိတ်ကူးယဉ်မှု၊ အမျိုးအစားများရှိနေပါသည်၊ ဖျက်ဖျက်လူးနေတဲ့ ငှက်အမျိုးအစားလိုမျိုးဖြစ်ပါသည်။ သို့သော် ယခု၊ သူမပြောင်းလဲသွားခဲ့ပါသည်။ဘုရားသခင်နှင့်အတူ သွားဖို့ရာ သူမဆုံးဖြတ်ချက်တခုကို ချမှတ်ခဲ့ပါသည်။ ယခု သူမဟာပြည့်ကျပ်ညပ်နေပြီး ယုံကြည်ခြင်းမရှိသော လူအစုအဝေးထဲသို့ ဝင်ရောက်လာပါသည်။ သူမဟာသူစိမ်းတယောက်ဖြစ်ပါသည်။သူမမှာ ဘုရားဖူးတယောက်လို လှည့်လည် သွားလာစရာအကြောင်းရှိပါသည်၊ သူမဟာ သူ တို့ ရဲ့ဓလေ့ထုံးစံကိုမသိရှိပါ၊ သူတို့အားလုံးသူမကို အစိမ်းသက်သက် ဖြစ်နေကြပါသည်။ သူမဟာ ဘာလုပ်ရမယ်ဆိုတာမသိပါ။ အဲဒါရုသ လုပ်ခဲ့တဲ့အ ရာပဲ ဖြစ်ပါတယ်။ အဲဒါဟာ သင်လုပ်ဆောင်ရမည့်အရာပဲ ဖြစ်ပါတယ်။ထိုအရာက ကျွန်တော်လုပ်ဆောင်ရမယ့် အရာပဲဖြစ်ပါတယ်။

ကျွန်တော်ယေရှုခရစ်တော်ကို လက်ခံမှုပြုစဉ်အခါ၊ ကျွန်တော့်ကိုယ်ပိုင်အိမ်မှ ထွက်ခွာလာခဲ့ရပါသည်။ယေရှုခရစ်တော်ကို ကျွန်တော်လက်ခံမှုပြုစဉ်အခါ၊ ကျွန်တော်ရဲ့ယောက်ျားလေး၊ မိန်းကလေးသူငယ်ချင်းတွေအပြင်၊လူတိုင်းက ကျွန်တော်ကို ဆွဲချပစ်ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိသည့် လူအိုအစုအဝေးနှင့်အတူကျွန်တော်သွားလာခဲ့ရပါသည်၊ ဘုရားသခင်၌ ယုံကြည်ခြင်းရှိခဲ့ပါသည်၊ ကိုယ်တော်၏အမူတော်ကိုဆောင်ရွက်ပါသည်။မိန်းကလေးများသည် ကျွန်ုပ်နှင့် အတူလိုက်လျှောက်မည် ဆိုသောအရာထက်၊ ခြားနားခြင်းရှိသည့်အသင်းတော်သို့သာ ရောက်သွားတတ်ကြပါသည်။ သူ တို့ ဟာ မတူညီသောခြားနားမှုကိုသာ ရှာဖွေကြပါသည်၊သူတို့သည် ကွဲလွဲမှုကို လုပ်ဆောင်မှုပြုကြပါသည်၊ သူတို့သည် အစိမ်း သက်သက် ဖြစ်လို့နေပါသည်၊ကျွန်တော် သူတို့ကို ကြောက်ရွံ့ရွံ့ရှာပါသည်။ သူတို့ဟာ မူတူညီသော လူများ ဖြစ်ပါသည်။

41 ၄၁။ အဲဒါက ရုသလုပ်ဆောင်ခဲ့တဲ့အရာပဲ ဖြစ်ပါသည်။ သူမ၏ကိုယ်ပိုင်ဖြစ်တည်ခြင်းမှ၊ အခြားလူများဆီသို့သက်ရောက် စရာအကြောင်း ရှိပါသည်။ သူမဟာ ပြောင်းလဲခဲ့ပါသည်။သူမဟာ ဆုံးဖြတ်ချက်တခု ကိုချမှတ်ခဲ့ပါသည်။ သင်လည်း ဆုံးဖြတ်ချက် ချပြီးပြီ

မဟုတ်လား။သင့်မှာ ရွေးချယ်စရာရှိပြီဖြစ်သည်။ လောကအရာများဆီသို့သင်ပြန်သွားချင်နေပါသ လား? ဒါမှမဟုတ်ဘုရားသခင်နှင့်အတူ သင်လှမ်းလျှောက်လိုပါသလား။

လောကသားတွေလိုသင်ပြုမူလိုပါသလား၊ သူတို့ဆီမှာ ခိုလှုံလိုပါသလား။ အဲဒီနောက် အနမ်းပေးပြီး ခရစ်တော်ကိုနှုတ် ဆက်၊ ထွက်ခွာမှုပြုပါတော့မည်။ သို့မဟုတ် သင်က အနည်းငယ် အထင်အမြင် သေးစရာကောင်းသည့်ဘုရားသခင်၏ လမ်းကြောင်းကို ယူဆောင်လိုသည်ဆိုပါက၊ ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏လက်တော်ကိုစွဲကိုင်မှုပြုပါ။ လောကီခို လှုံစရာက ပြောသောအရာကို ဂရုမပြုပါနှင့်၊ အဲဒီက မှန်သောအရာကိုသင်က စွဲကိုင်ထားရပါမည်။ "ထို့ကြောင့် ဘုရားသခင် မိန့်တော်မူသည်မှာ၊ ထိုအရာသည် သမ္မာတရားဖြစ်၍၊ထိုအရာကို ကျွန်ုပ်ယုံကြည်၏။ ကျွန်ုပ်အသက်တာတွင် ထိုအရာကို ထင်ရှားစွာ သက်သေပြနိုင်ခြင်းမရှိသည့်တိုင်၊ ဘုရားသခင်မိန့်တော်မူသောကြောင့်၊ ထိုအရာကို ကျွန်ုပ်ယုံကြည်၏ မှန်သောအရာကို ကျွန်ုပ်စွဲကိုင်မှုပြုမည်။"

ထိုသို့သောနည်းလမ်းကိုနောမိလုပ်ဆောင်ခဲ့ပါသည်။ "သင့်အား အကျွန်ုပ် စွန့်ခွာမှုပြုမည်မဟုတ်၊ သင်သွားတဲ့နေရာသို့ကျွန်ုပ်သွားမည်။ သင့်လူမျိုးသည် ကျွန်ုပ်လူမျိုးဖြစ်၍၊ သင်လုပ်သော နည်းလမ်းအတိုင်း၊ကျွန်ုပ်လုပ်ဆောင်မှုပြုမည် ဖြစ် သည်။ သူတို့၏လမ်းကြောင်းကို၊ ကျွန်ုပ်လုပ်ဆောင်ပါမည်။သူတို့စားတာကို၊ ကျွန်ုပ်စားပါမည်။ သင်သေလျှင်၊ ကျွန်ုပ်လည်း သေမည်ဖြစ်သည်။ သင်သင်္ဂြိုလ်ခြင်းကိုခံတဲ့နေရာမှာ၊ ကျွန်ုပ်လည်း သင်္ဂြိုလ်ခြင်းကိုခံရပါမည်၊ အဘယ်အရပ်တွင်မဆို၊ ကျွန်ုပ်သည်ကျဆုံးခဲ့မည်ဆိုပါက၊ ဘုရားသခင် ကျွန်ုပ်၌ သာ၍အမှုပြုတော်မူပါစေသော။" အဲဒါက တကယ်စစ်မှန်ပြီး၊ရှင်းလင်း— ပြတ်သားတဲ့ဆုံးဖြတ်ချက်ပဲဖြစ်ပါသည်။ ဘုရားသခင်သည် သူ့အသင်းတော်မှ ပြတ်သားရှင်းလင်းသောဆုံးဖြတ် ချက်ကို အလိုရှိပါသည်။

42 ၄၂။ ကောင်းပြီး၊ ဘုရားသခင်၊အကယ်၍၊ ကိုယ်တော်ဟာ ကျွန်ုပ်တို့ကိုကောင်းချီးပေးမည်ဆိုပါက၊ ကျွန်ုပ်အတွက် ဤအရာကို အမှုပြုတော်မူပါ၊ ကျွန်ုပ်လည်း ဟိုဥစ္စာကိုလုပ်ဆောင်ပါမည်။ ထိုအရာသည် ဆုံးဖြတ်ချက်တခု မဟုတ်ပါ။

"ဘုရားသခင်၊ကျွန်ုပ်နှင့်အတူ ကိုယ်တော် အမှုပြုမည့်အရာကို၊ ကျွန်ုပ် ဂရုမစိုက်ပါ၊ ဘယ်လိုပဲဖြစ်ဖြစ်ကျွန်တော်သွားပါမည်။ ကျွန်တော်သေသွားတာလည်း၊ ကောင်းတာပါပဲ။ သေသေ၊ ရှင်ရှင်၊ ဘယ်လိုပဲဖြစ်ဖြစ်ပါ။အကယ်၍ သူတို့က ကျွန်တော်ကို သရော်ရင်၊ ကျွန်တော်ကို လှောင်ရယ်စရာ ဖြစ်စေပါ၊ အဘယ်သို့သော်ကွဲလွဲချက်ကိုပါ လုပ်ဆောင်မှုမပြုပါနှင့်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်သွားပါမည်။" အဲဒါကတော့ရှင်းလင်း ပြတ်သားတဲ့ဆုံးဖြတ်ချက်ပဲ ဖြစ်ပါသည်၊ ဣဇက်နှင့်မတွေ့ ခင် ရေဗက္ကာ လုပ်ဆောင်ခဲ့သလိုမျိုးပါပဲ။

သူမ၏မိဘတွေက"မိန်းကလေးကို ဖြစ်ပါ၊ သူမအသက်အရွယ်အရ၊ သူမကိုဖြေစေပါ။" ဟုပြောခဲ့ပါသည်။

သူမက"ကျွန်ုပ်သွားမည်။" ဟုဆိုခဲ့ပါသည်။ ရှင်းလင်းပြတ်သားတဲ့ ဆုံးဖြတ်ချက်ဖြစ်ပြီး၊ အလျင်အမြန်လုပ်ဆောင်ခဲ့ပါသည်။ ထိုအရာကို သူမတွယ်ကပ်ခဲ့ပါသည်။ ရှသလုပ်ခဲ့တဲ့အရာဖြစ်ပါသည်။ ဩရဖကတော့။ပြန်သွားခဲ့ပါသည်။

43 ၄၃။ သူတို့ခရီးထွက်ခဲ့ကြပါသည်။ ရှသကသူမရဲ့နှလုံးသားထဲမှသူမဘယ်ကိုသွားနေလဲဆိုတာ သိပါတယ်၊ သို့တည်းမ ဟုတ် အသင်းတော်၏ပုံစံတခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ခရီးဦးကြိုပြုကြပါသည်။ အာဗြဟံလိုမျိုး ဖြစ်ပါသည်။ လှည့်လည်သွားလာသူဘုရားဖူးများသည်သူစိမ်းအရပ်ရှိ၊ လူစိမ်းများအကြားသို့ရောက်ရှိပါသည်။ သူမသွားခဲ့ရပါသည်။ နောက်ဆုံးသူမအခန်းထဲသို့ဝင်ရောက်ခဲ့ပါသည်၊ နောမိသူမအား ခေါ်ဆောင်ရာနေရာဖြစ်ပါသည်။ သူမဘာကို ရှာတွေ့ခဲ့ပါသ နည်း။ သူမနောက်ကွယ်မှာ လူတိုင်း အာချောင်၍၊ "ရှသရေ၊ ဒီနေရာကို သင်ရောက်လာတာ ငါတို့ ဝမ်းသားပါတယ်။"လို့ ပြောကြပါသည်။ သူမသည် သဘောထားကွဲလွဲမှုကို တွေ့ရှိခဲ့ရပါသည်။ အချို့သောဒုစရိုက်မှုကိုသူမတွေ့ရှိခဲ့ရပါသည်။ ပြဿ နာကို သူမတွေ့ရှိခဲ့ရပါသည်။

တရားဟောဆရာတွေကသင်ကို ခရစ်ယာန်အသက်တာဆိုတာက ငြိမ်းချမ်းတဲ့ ပန်းခင်းတဲ့မွေ့ယာလို့ပြောကြပါလိမ့်မည်။သူဟာ သင်ကို လှည့်စားမှုပြုရုံမျှသာ၊ သူကိုယ်တိုင် တွေ့ကြုံရသောအရာကို ဘယ်သောအခါမှလက်ခံခဲ့ခြင်း မရှိပါ။ လောကီသားတို့က သင်ကို မုန်းပါမည်။ သင်ဟာ အနည်းငယ်စိတ်ပျက်ဖွယ်ရာဘုရားသခင်၏လမ်းကြောင်းကို စွဲကိုင်ထားလို့ပဲ ဖြစ်ပါတယ်။ လှောင်ပြောင်ရယ်မောရ၍၊ အပြောင်အပျက်ပြုပါမည်၊ဒါမှမဟုတ်၊ ဘာမှမဟုတ်တာလည်း ဖြစ်နိုင်ပါတယ်။ သင်ဟာခြားနားသောအရာကို ရထားပါမည်။ သင်သည်အခြားနိုင်ငံ၏မွေးဖွားခြင်းကို ခံရပါမည်။

44 ၄၄။ ကျွန်တော်ဇနီး (ကျွန်တော်လို့... ထိုအရာကို တဖန် ကျွန်ုပ်တို့ကိုးကားဖော်ပြကြပါမည် ထိုကိစ္စကို ဆောင်ရွက်ဖို့ရာ အလွန်ကောင်းမွန်ကြောင်း၊ တွေ့မြင်ခဲ့ရပါသည်။)ကျွန်ုပ်အား မေးမြန်းပါသည်။ "အခြားအမျိုးသမီးတွေလိုမျိုး ခရစ်ယာန်အ မျိုးသမီးတွေဟာဘာကြောင့် ဝတ်စားဆင်ယင်မှုမပြုကြပါသလဲ။" ကျွန်တော်ပြောခဲ့တာက... "ကျွန်ုပ်တို့အားလုံး အမေရိ ကန်တွေဖြစ်ပါတယ်၊ ကျွန်ုပ်တို့ဟာအဲဒီလိုမဟုတ်ဘူးလား။" လို့မေးခဲ့ပါသည်။

ကျွန်တော်က"မဟုတ်ဘူး၊ဆရာ။" လို့ပြောခဲ့ပါသည်၊

"ကောင်းပြီး၊ကျွန်တော်တို့က ဘာတွေပါလဲ။"

ကျွန်တော်က"ကျွန်တော်တို့ဟာ ဂျာမန်တွေ၊ ပြင်သစ်တွေ၊ ဘယ်ဂျီယံတွေ၊ ဆွစ်တွေ၊ အာဖရိကန်တွေ ဒါမှမဟုတ်အမေရိ ကန်တွေ ဘာတခုမှမဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ သူတို့ထဲမှာ လုံးဝမပါဝင်ပါဘူး။" ဟုပြောခဲ့ပါသည်။

"ဒါဆိုကျွန်တော်တို့က ဘာဖြစ်ပါသလဲ။"

ကျွန်တော်က"ကျွန်တော်တို့ဟာ ခရစ်ယာန်တွေပဲ ဖြစ်ပါတယ်။" လို့ပြောခဲ့ပါတယ်။ အမေရိကန်က

အမေရိုကန်လိုပြုမူဆောင်ရွက်တယ်။ ဂျာမန်တယောက်ဟာလည်း ဂျာမန်တစ်ယောက်လိုပဲ လုပ်ဆောင်ပါမည်၊ အဘယ်ကြောင့်ဆိုသောသူတို့မှာ နိုင်ငံရေးရာ ဝိညာဉ်ရှိနေလို့ပါပဲ။ ကျွန်ုပ်တို့မှာလည်း နိုင်ငံရေးရာ ဝိညာဉ်တခုရှိနေပါသည်။ အဲဒါကတော့ သန့်ရှင်း သောဝိညာဉ်တော်ပဲ ဖြစ်ပါတယ်၊ ဘုရားသခင်၏ ကောင်းကင်နိုင်ငံတော်မှာသက်ရောက်ခြင်း ဖြစ်ပါသည်။ အဲဒီလို သင်ပြုမူဆောင်ရွက်ရပါမည်။ သင်ကိုယ်တိုင် အဲဒီမှာသူတို့လုပ်ဆောင်မှုပြုသောအရာနှင့် ဆက်သွယ်ပေါင်းကူးရပါမည်။ အဘယ် ကြောင့်ဆိုသော် သင်ဟာအခြားလောကသား ဖြစ်လို့ပါပဲ။

ကျွန်ုပ်တို့ဟာအမေရိကန်နိုင်ငံ၌ နေထိုင်ကြပါသည်။ အဲဒါဟာ အမှန်တရား ဖြစ်ပါတယ်။ အဲဒါက ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်ပါသည်၊ အထက်အရပ်မှ ဖြစ်ပါသည်။ အထက်အရပ်မှ ကျွန်ုပ်တို့၏ အသက်အားလုံး အထက်အရပ်မှလာပါသည်။ယေရှုက "ငါသည် အောက်အရပ်ကလာသည်မဟုတ်၊ ငါသည် အထက်အရပ်မှ လာသည်။ အကယ်၍ ငါသည် အောက်အ ရပ်မှလာလျှင်၊ငါ့အတွက် ငါ၏အကြောင်းအရာတို့သည် တိုက်ခိုက်မှုပြုကြမည်၊ သို့သော် ငါ့၏နိုင်ငံတော်သည်အထက်အရပ် ကဖြစ်သည်။" ထို့ကြောင့် လူတိုင်း ဘုရားသခင်နိုင်ငံတော်၏ မွေးဖွားခြင်းကိုခံရလျှင်၊ထိုသူသည် အထက်အရပ်မှ ဖြစ်လေ သည်ဟု မိန့်တော်မူခဲ့ပါသည်။

45 ၄၅။ ယခု၊ ကြည့်ရှုမှုပြုပါ။ စိတ်ပျက်စရာကောင်းသောအရာများကနေရောက်လာကြတဲ့ သူတို့ကို ကျွန်တော်တို့ဆက် လက်ရှာဖွေမှုပြုသလိုမျိုး ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို သင်ရတဲ့အခါ၊ အဘယ်အရပ်သို့သင်ဝင်ရောက်စရာ အကြောင်း ရှိပါသနည်း။ အသေချာလုပ်ဆောင်ခဲ့ပါသည်။ပြတ်ရယ်ပြုစရာ အလုံးစုံသောအရာများကို လုပ်ဆောင်ခဲ့ပါသည်။ အဲဒီနောက်သတိုပြုပါ၊ သူမအတွက် ဘဝဆိုတာ ခက်ခဲလှပါသည်။ သင်ဟာ ခရစ်ယာန်တယောက် ဖြစ်လာပြီးနောက်ပိုင်းမှာခက်ခဲလာမှာပဲ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လောကဆန်သောအသက်တာရှိ ပျော်ရွှင်စရာများနှင့်အပျော်အပါးများ မှ သင်ကိုယ်တိုင် ထိန်းကျောင်းမှုပြုကာ၊ ဘုရားသခင်အား ပေးလှူပူဇော်သောအခြားအသက်တာတခုသို့ရောက်ရှိစေရမည် ဖြစ်သောကြောင့် ဖြစ်ပေသည်။ ဤအတွင်းပိုင်းကို သင်ကိုယ်တိုင်ပြန်လည်နေရာချစရာအကြောင်း ရှိပါသည်။

46 ၄၆။ အစာရေစာပေါကြွယ်ဝသော နယ်မြေရှိ အလုံးစုံသောအရာများကိုရုသကိုယ်၌က အံ့ဝင်ခွင်ကျနေပေမည်။ လေးစား မှုထား ခံခဲ့ရပါသည်။ လူတွေအတွက် ရယ်စရာကောင်းနေပေမည်။သူမကို ဟာသလုပ်ကြပါမည်၊ စိတ်ရှည်လက်ရှည်ဖြင့် သူမစားစရာဖို့လယ်ကွင်းမှ ဂျုံတွေကိုကောက်သိမ်းမှုပြုပါမည်၊ သူမလည်း ပတ်ထဲမှာ ထည့်ပြီးတော့၊ အိမ်ကို ယူသွားပါမည်၊ ထုထောင်းရိုက်နှက်ပြီးပေါင်မုန့်ဖုတ်ပါမည်၊ ပြီးရင် သူမနဲ့သူမ ယောက္ခမ စားသောက်ကြပါမည်။

သူမအဲဒီမှာရှိစဉ်အခါ၊သူတို့ရှာဖွေဖို့ထွက်လာကြပါသည်၊ သူမဟာ စိတ်ရှည်လက်ရှည်ကောက်သိမ်းပါမည်၊ ဂျုံနှံတွေကိုကောက်သင်းကောက်ပါမည်… ယခု သူမဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါပြီ ထိုအရာသည်သူမဆုံးဖြတ်ခဲ့သောအရာ ဖြစ်ပါသည်။

ယခု၊နောက်တခုကတော့ သူမ အစေခံသည် ဆိုတာပါပဲ။

ထိုအရာသည်အသင်းတော်လုပ်ဆောင်ရမည့်အရာ ဖြစ်ပါသည်။ အသင်းတော်ဖြစ်ပါသည်၊ ဆုံးဖြတ်ချက်ကို သင်ချပြီးနောက်သင်မှာအစေခံသည် ဟူသောအရာရှိလာပါမည်။ ဘုရားသခင်ကို အစေခံဖြစ်ပါသည်။ ကိုယ်တော်၏ပုံအညွှန်းအတိုင်း၊ ကိုယ်တော်၏ ပုံဆွဲပြထားသည့်အတိုင်း ဖြစ်ပါသည်။ သင်သည်ဘုရားသခင်ကို အစေခံရပါမည်။

47 ၄၇။ ရုသဟာ ဆုံးဖြတ်ချက်တခုကို ချမှတ်ခဲ့ပါသည်။ ယခု၊ရုသဟာ ဆုံးဖြတ်ချက်အောက်တွင် အစေခံမှုပြုပါသည် (အခု တမိနစ်လောက် ကြည့်ကြရအောင်။) ယခု၊သူမဟာ ဂျုံနှံတွေကို ကောက်သိမ်းဖို့လယ်ကွင်းသို့ထွက်ခွာသွားပါသည်။

ယခု၊သူမမိခင်က သူမကိုပြောပါမည် (အဲဒါက၊ ဓမ္မဟောင်းက ဓမ္မသစ်ကို ပြောခြင်းဖြစ်ကြောင်း၊သင်သိရပါမည်) သူမမိခင် က သူမကို ပြောပါသည်၊ ပြောခဲ့တာက၊ "ကျွန်ုပ်တို့မှာ ဆွေမျိုးရင်းချာတယောက်ရှိတယ်၊သူ့နာမည်က ဘောဇလို့ခေါ်တယ်။ သူကချမ်းသာသူတယောက်ဖြစ်တယ်။ သူဟာဆွေမျိုးနီးစပ်တော်စပ်သူတယောက်ဖြစ်ပါတယ်။ သူ့လယ်ကွင်းသို့သင်သွားပါ၊ ဖြစ်နိုင်တာက… အခြားလယ်ကွင်းသို့ သင်မသွားပါနှင့်၊သူ့လယ်ကွင်းသို့သာ သင်သွားပါ။"

သန့်ရှင်းသောဝိညာဉ်တော်ကကျွန်ုပ်တို့အား ဘယ်လိုမိန့်တော်မူလဲဆိုရင် အချို့အသင်းတော်များ၏ စာစောင်များကိုငှင်း၊အချို့သော အမေးအဖြေနည်းဖြင့် သွန်သင်ပေးမှုတို့ကိုငှင်း စွန့်ပယ်ရမည်ဟူ၍ပင်တည်း။ သို့သော်ဘုရားသခင်၏သာသနာ နယ်မြေသို့ထွက်ခွာရပါမည်၊ ဓမ္မဟောင်းကျမ်းဖြစ်ပါသည်။ သမ္မာကျမ်းစာဖြစ်ပါသည်။ " ကောင်းပြီ၊ အဲဒါကို ကျွန်ုပ်တို့ပြော မယ်၊ ဆုတောင်းပေးရမည့်သူတယောက်အတွက်ဒါကို ကျွန်တော်တို့ပြောပါမည်။ ကျွန်ုပ်တို့မှာ ဒီဥစ္စာကို ရှိစေပါမည်။" ဟုမပြောမိပါစေနှင့်။ သာသနာနယ်မြေ၌ မှန်ကန်စွာ ရှိနေရပါမည်။ အဲဒီအထဲမှာ အမှန်သွားရမည့်အကြောင်းမှာ သူသည်ဆွေမျိုးသားချင်းနီးစပ်သူ ဖြစ်သောကြောင့်ပေတည်း။

48 ၄၈။ ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သော၊ ဓမ္မဟောင်းကျမ်းသည်၊ဓမ္မသစ်ကျမ်းနှင့် ဆွေမျိုးနီးစပ်သူ ဖြစ်ပါသည်။ အသင်းတော်အအိုအဟောင်းကြီးက၊ အသင်းတော်သစ်ကလေး၏မိခင်ဖြစ်သည်ကို (သိမြင်ရပါမည်) ခရစ်ယာန်၊ ယုံကြည် သူတယောက် ဖြစ်ပါသည်။ "အခြားနယ်ပယ်သို့သွားရောက်မှုမပြုပါနှင့်။ သူ၏နယ်မြေ၌သာ အမှန်တကယ် တည်နေရပါ မည်။ တနေ့တနေ့ တချိန်ချိန်မှာသူနှင့်အတူ သင်သည် ကျေးဇူးပြုသောအရာကို ရှာတွေ့ကောင်းရှားတွေ့နိုင်ပါသည်။"

တနေ့မှာသူမသည် လယ်ကွင်းထဲသို့ထွက်ခွာမှုပြုစဉ်အခါ၊ ဗောဇဟု အမည်တွင်သော၊ အုပ်ချုပ်သူ၊ လူချမ်းသာလူရွယ်တဦး နှင့် တွေ့ဆုံရန် အကြောင်းဖန်လာပါသည်၊ရောက်လာတဲ့အခါ၊ ထိုလူက သူမအားမြင်သွားပါသည်၊ အို၊ သူကသူမကို မြင်တဲ့ အခါ၊ သူမနှင့်အတူအချစ်၌ ကျဆုံးခန်းဝင်ခဲ့ပါသည်။ သူက သူမသည် အံ့သြစရာကောင်းသော အမျိုးသမီးတယောက် အဖြစ်တွေးထင်ခဲ့ပါသည်။

သူဟာ သူ မရဲ့သဘောသဘာ၀ စရိုက်လက္ခဏာကို ကြိုက်နှစ်သက်ခဲ့ပါသည်။ သူပြောတာကို သင်အမှတ်ရပါ။ငါသိတယ်၊ လူတွေလည်းသိတယ်၊ သင်ဟာ စာရိတ္တကောင်းမွန်တဲ့အမျိုးသမီးတဦး ဖြစ်တယ် ဆိုတာပါပဲ။သူမရဲ့ဆုံးဖြတ်ချက်က ရှင်းရှင်းလင်းလင်း ဖြစ်ပါသည်။ အမှန်တကယ် ရောက်လာပြီး၊ သူမပြောသည့်အတိုင်းအတိအကျ လုပ်ဆောင်၍ အသက်ရှင်ခြင်း ဖြစ်ပါသည်။

49 ၄၉။ တနည်းအားဖြင့်ဆိုသော်၊ ကနေ့သူတို့ဒီလိုပြောပါမည်။"သင်ဟာ ခရစ်ယာန်တယောက်ဖြစ်တယ် ဆိုတာ ကျွန်ုပ်တို့သိတယ်။ သင်ဟာ ဘုရားသခင်၏လူဆိုတာ ကျွန်တော်တို့သိတယ်၊ဘာဖြစ်လဲဆိုရင်၊ ဘုရားသခင်နှင့်အတူ ရှိသောသူမှ အပဤသို့သောနိမိတ်လက္ခဏာများကို ပြုနိုင်သောသူမရှိခြင်းကြောင့်ဖြစ်တယ်။" ဟူသောအရာဖြစ်သည်။

ထိုသို့သောအရာကိုနိကောဒင်က ယေရှုအားပြောကြားခဲ့ပါသည်၊ "ကျမ်းပြုဆရာကြီးရေ၊ သင်သည် ဘုရားသခင်ထံမှ ရောက်လာသောတရားဟောဆရာတယောက်ဖြစ်တာကို ကျွန်ုပ်တို့သိရှိကြပါသည်၊ သင်လုပ်ဆောင်သောအရာများကို ဘုရားသခင်နှင့်အတူရှိသူမှအပ၊အဘယ်သူမှလုပ်ဆောင်နိုင်ခြင်းမရှိလိုပါပဲ။" ဟူ၍ ဖြစ်သည်။ ကိုယ်တော် ထိုနေရာ၌ ထိုင်နေခြင်းကို သူတွေ့မြင်ရသော်အချိန်ရှိပါသည်၊ နှလုံးသားများ၏ အလုံးစုံသော စဥ်းစားခြင်းများကိုထိုးထွင်းသိမြင်တော်မူပါ၏

အမျိုးသမီးတယောက်ကကိုယ်တော်၏ ၀တ်ရုံကို တို့ထိမှုပြုပါသည်၊ အနားမှာ ၀ဲနေပါသည်၊ "ဘယ်သူ ငါ့အားထိသနည်း။"ဟုမေးပါသည်။ သူတို့အားလုံး ငြင်းခဲ့ကြပါသည်။ အနောက်ဘက်က ပရိတ်သတ်တွေကို လှည့်ကြည့်ပြီး၊"သင်သည်၊ သွေးသွန်နာစွဲသူဖြစ်၍၊ သင်၏ယုံကြည်ခြင်းသည် သင့်ကိုကယ်မတော်မူပြီး၊" ဟုမိန့်တော်မူပါသည်။

"ဘုရားသခင်နှင့်အတူရှိသူမှအပ အဘယ်သူမှ မလုပ်ဆောင်နိုင်သောအရာဖြစ်သည်။" "သင်သည် ဘုရားသခင်ထံမှ ရောက်လာကြောင်းကိုကျွန်ုပ်တို့သိပါသည်။ ကျွန်ုပ်တို့သည် သင့်အား အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည်အသင်း တော်အပြင်ကို ကန်ထုတ်ခံရမည် ဖြစ်သောကြောင့် ပေတည်း။" ဟုပြောကြားကြပါသည်။ သိမြင်ရမည်မှာ၊စပျစ်ပင်ကို ကိုင်းဆက်ခြင်းဖြစ်ပါသည်၊ ဘရာသာထဒ်စ်ရေ၊ မနေ့ညက ကျွန်ုပ်တို့ပြောကြားခဲ့ပါသည်။သူတို့ဟာ သင်ကို အပြင်သို့ကန်ထုတ်ပစ်ပါမည်။ "သို့သော် ကျွန်ုပ်တို့၏ နှလုံးသားမှ ကျွန်ုပ်တို့သည်မူလဗီဇ စပျစ်ကိုင်းမှ သက်ရောက်သည် ဆိုသောအရာကို သိရှိကြပါသည်။" ခရစ်တော်သည် စပျစ်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အကိုင်းများဖြစ်ပါသည်။ "ကျွန်ုပ် တို့သိကြပါသည် အဘယ်ကြောင့်ဆိုသော်၊ဘုရားသခင်၌ ရှိသော တူညီသောအသက်ရှင်ခြင်းကို ကျွန်ုပ်တို့တွေ့မြင်ကြရ လို့ပဲ ဖြစ်ပါတယ်၊ထိုအရာသည် သင်၌ တည်ပါသည်။"

အဲဒီလိုနဲ့ဗောဇက ရုသကို တွေ့မြင်ခဲ့ပါသည်။ ရှင်းလင်းပြတ်သားတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါသည်၊ သိက္ခာရှိသောအမျိုးသမီး တယောက် အဲဒီမှာ မတ်တပ်ရပ်နေပါသည်။ သူဟာ သူမကို ချစ်ခင်မြတ်နိုးသွားရပါသည်။

50 ၅၀။ ယခု၊ ကျွန်တော် သင်ကို သတိထားစေလိုပါသည်၊ နောမိက၊အသင်းတော်အဟောင်းဖြစ်ပါသည်၊ သူကိုးကွယ်ရာ ဘာသာတရားရှိ ပညတ်တရားအလုံးစုံကို ရုသအားရှင်းပြဖို့အစပြုခဲ့ပါသည်၊ ဓမ္မဟောင်းကျမ်းသည် ဓမ္မသစ်ကျမ်း၏ အရိပ် ဖြစ်သည် ဆိုသောအရာ ဖြစ်ပါသည်။ယခု၊ ဒီနေရာမှာ အမှန်ပဲ ဒီပုံဥပမာကို ကျွန်တော် သင်အား ရသွားစေလိုပါသည်၊ ယခု၊ ကျွန်တော်အရိပ်ထင်သောအရာကို ပြသလိုပါသည်။ ဓမ္မဟောင်းကျမ်းက ဓမ္မသစ်ကျမ်းကို ရှင်းပြပါသည်၊ အကယ်၍အဲဒါကို သင်ဖတ်ရှုမည်ဆိုပါက၊ ဓမ္မသစ်ကျမ်း၏ရှေးပြေးအရိပ် ဖြစ်ပါမည်။ ယခု ကျွန်တော်တို့ဟာတံတိုင်းဆီသို့ဦးတည်လျှောက် လှမ်းကြမယ်ဆိုရင်၊ ဘယ်တော့မှ ကျွန်တော်ကိုယ်ကျွန်တော်မြင်နိုင်စရာအကြောင်း မရှိပါ၊ ကျွန်တော်အရိပ်ကိုတော့ မြင်ခဲ့ရ ပါသည်။ ကျွန်တော်သိရမှာက.... ကျွန်တော်မြင်သလို၊ အချို့ သုံးသပ်ယူဆချက်များ ရှိနေလို့ပဲ ဖြစ်ပါတယ်။အကယ်၍ သင်က ဓမ္မသစ်ကျမ်းကို သိတယ်ဆိုလျှင်၊ ဓမ္မဟောင်းကျမ်းကိုလည်း ဖတ်ပါ၊ အဲဒီက အရိပ်ကိုသင်မြင်လာမှာပဲ ဖြစ်ပါတယ်။ အဲဒီနောက် ဓမ္မသစ်ကျမ်း ရောက်ရှိလာစဥ်အခါ၊ သင်က ဆိုပါမည်။"ဘာကြောင့်၊ အသေအချာ၊ ဒီလိုဖြစ်နေရပါလိမ့်။" ဟူ၍ပင်တည်း။ ဟေဗြဲဩဝါဒစာသို့ ပြန်သွားပါ၊ပေါလုက အဲဒါကို ရှင်းပြထားပါသည်။

51 ၅၁။ ယခု၊ သေသေချာချာ သတိပြုပါ၊ ရုသပြောတဲ့အခါ.... ဒါမှမဟုတ်၊ နောမိက ရုသကို ပြောခဲ့တာက၊ " ယခု၊ သူဟာသင်၏ဆွေမျိုးသားချင်းဖြစ်တယ်။ သူနှင့်အတူ သင်က ကျေးဇူးပြုခြင်းကို ရှာဖွေနိုင်ပါသည်၊ သင်၏ ခိုနားစရာကိုရှာဖွေရပါမည်။" ဟူ၍ဖြစ်သည်။ (အို၊ ကျွန်တော်) အကယ်၍၊ သင်က ကျေးဇူးပြုခြင်းကို ရှာဖွေမည်ဆိုပါက၊ သင်ဟာ ခိုလှုံရာ ကို ရှာဖွေမှုပြုပါမည်။ ဗောဇက ခရစ်တော်ကို ပုံဆောင်ပါသည်၊ ကြွယ်ဝသူဖြစ်ပါတယ်၊အလုံးစုံသောအရာကို အမွေခံရသူ ဖြစ်ပါသည်။ ဘုရားသခင်၏ ရိတ်သိမ်းခြင်း ဖြစ်သည်။ အို၊ ကျွန်တော်ဗောဇဟာလှည်းကိုစီးပြီး အဲဒီကို ရောက်လာပါတယ်၊ လယ်ကွင်းပြင်တဝိုက်ကို ကြည့်ရှုမှုပြုပါသည်၊သူမျက်လုံးက ရုသပေါ်ရောက်သွားပါသည်၊ သူက သခင်ဖြစ်ပါသည်။ သူဟာ ရိတ်သိမ်းခြင်း၏ သခင်ဘုရားဖြစ်ပါသည်။ သူ့အမြင်၌ သူမသည် ကျေးဇူးပြုခြင်းဆိုသောအရာကို ရှာဖွေတွေ့ရှိစေပါသည်။

ထိုအရာသည်ကနေ့ခေတ်၏ အသင်းတော်ဖြစ်ပါသည်။ ဘုရားသခင်သည် ရိတ်သိမ်းခြင်းပြုရာ အချိန်ကာလ၌၊ ကိုယ်တော်သည် အဆောက်အအုံ ကြီးကြီးမားမား၊ ၀တ်ပြုကိုးကွယ်ရာ ဗိမာန်တော် ခပ်မြင့်မြင့်ခပ်ကြီးကြီး၊ကောင်းစွာ လေ့ကျင့်ထားတဲ့ သီချင်းဆိုအဖွဲ့ကို ကြည့်မှာ မဟုတ်ပါဘူး။ ကိုယ်တော်ဟာ တဦးတယောက်ချင်းစီကိုကြည့်ရှုမှုပြုပါမည်။ ယောကျ်ား၊ မိန်းမ တို့သည် ဆက်ကပ်မှုပြုခဲ့ကြပါသည်။ ခရစ်တော်အတွက်ရှင်းလင်း ပြတ်သာစွာ လုပ်ဆောင်ခဲ့ပါသည်၊ ကိုယ်တော်၏ ၀တ်ပြု ကိုးကွယ်ခြင်း အစီအစဥ်သို့သူတို့ကိုယ်တိုင်ကိုယ်ကျ ပေးလှူဆက်ကပ်မှု ပြုကြပါသည်၊ "ဘုရားသခင်၊ ထိုအရာကို ကျွန်ုပ်ယုံကြည်ပါသည်၊ အဲဒီနှုတ်ကပတ်တော်တိုင်းကို ဖြစ်သည်။" ထိုသို့သော အရာအတွက် ကိုယ်တော်ကြည့်ရှုမှုပြုသောအရာမှာ၊ ဘုရားသခင်၏ ရိတ်သိမ်းခြင်း ဖြစ်ပါသည်။ ထိုအရာကို ကိုယ်တော်ကပေးဆပ်လိုပါသည်— သန့်ရှင်းသောဝိညာဉ်တော်ကို ဆာငတ်လျက်တောင့်တနေသူများထံသို့ ဖြစ်ပါသည်။"" သင်၏ဆာလောင်ခြင်းနှင့် ငတ်မွတ် ခြင်းကို ကောင်းချီးပေးတော်မူပါစေသော၊ သင်၏ပြည့်စုံခြင်းအကြောင်းအတွက်ဖြစ်ပါသည်။" ကနေ့ ကိုယ်တော်ရှင်သည် ထိုသို့သော အသင်းတော်ကို ကြိုးစား၍ ရှာဖွေမှုပြုနေပါသည်။

52 ၅၂။ ယခု၊ အဲဒီနောက်မှာ၊ အရှက်တကွဲ အကျိုးနည်းစရာဖြစ်စေမည့် တစုံတခုသောအရာကို ပြုရန်ရုသသည် မေးမြန်းခြင်းကို ခံခဲ့ရပါသည်၊ သို့သော်သူမသည် အလိုတော်အတိုင်း လိုက်လျှောက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူမဆုံးဖြတ်ချက်ကိုချထားလို့ပဲဖြစ်ပါတယ်။ ယုံကြည်သူ၏ မည်သို့သော ပုံစံဖြစ်သလဲဆိုရင်၊ ပြီးပြည့်စုံသောပုံသဏ္ဍာန် ဖြစ်ပါသည်။

နောမိကကောၤအသင်းတော်အဟောင်း ဖြစ်ပါသည်။ "ဒီနေ့ညသွားပါ၊ ဘာလီစပါး၏ ရာသီဖြစ်လို့ပါ။" ဟုပြောခဲ့ပါသည်၊အို၊ ထိုအရပ်၌ အမှန်တကယ် ကျွန်ုပ်တို့ဆင်ယဉ်နိုင်သောအရာသည် မည်မျှလောက် လှပသော စဉ်းစားခြင်းဖြစ်ပါသနည်း။

နောမိနှင့်ရုသသည်ဘာလီစပါးရာသီ၌ ရောက်လာကြပါသည်။ ဘာလီစပါးအချိန်ကာလ ပေါင်မုန့်ရှိရာ ရာသီကာလပင် ဖြစ်ပါသည်၊ လတ်ဆတ်သော ပေါင်မုန့်ကို သုံးဆောင်မှုပြုရာ အချိန်ကာလဖြစ်ပါသည်။ ဤနောက်ဆုံးသောနေ့ရက်ကာလ၌ရှိ သော အသင်းတော်ဖြစ်ပါသည်၊ တောက်လျှောက် နှစ်(၂၀၀၀) ကာလပတ်လုံး ရုပ်တုဆင်းတု၏သွန်သင်ချက်နှင့် အ ကြောင်းချဉ်းရာများ၌ ရှိနေခဲ့ရပါသည်။ ဘာလီစပါးရာသီသို့ရောက်လာပါသည်၊လက်ဆတ်သော အသက်တာသည်၊ အသစ် သောပေါင်မုန့် ဖြစ်၍၊ ကောင်းကင်မှ စီးဆင်းသော ပျားရည်ချိုပင်ဖြစ်ပါသည်။ (ရုပ်ဆဲက၊ ပျားရည်ပေါင်မုန့်အကြမ်း အကြောင်းပြောကြားခဲ့ပါသည်။) ဒီဥစ္စာဖြစ်တယ်၊ ကောင်းကင်က ကျသောပေါင်မုန့်ဖြစ်တယ်။ "ငါသည် အသက်မုန့်ဖြစ် တယ်။ သင်တို့၏ ဘိုးဘေးတို့သည်မာနမုန့်ကို စားသုံးခဲ့ကြပြီး၊ သေဆုံးခဲ့ကြပါသည်။ သို့သော်ငါသည် ဘုရားသခင်၏ ကောင်းကင်နိုင်ငံမှကျသော အသက်မုန့်ဖြစ်လေသည်။ အကယ်၍ လူသည် ဤမုန့်အားစားမည်ဆိုပါက၊ ဘယ်သောအခါမှ သေဆုံးစရာအကြောင်းမရှိပေ။" ဤနောက်ဆုံးသောနေ့ရက်ကာလရှိ အသင်းတော်သည် ထိုအထဲသို့ဆောင်ယူသွားပါ သည်၊ ယခုၤအမှန်တကယ်၊ ဂျုံစပါးသီးရာ အချိန်ကာပဲ ဖြစ်ပါသည်။

53 ၅၃။ ရုသသည်၊ တပါးအမျိုးသားဖြစ်ပါသည်၊ အသင်းတော်ပြင်ပပယ်ထုတ်ခံရသူဖြစ်ပါသည်၊ ပြေးထွက်ပါ၊ အထဲကို ဆောင်ယူခြင်းခံရမည်ဆိုပါက ဖြစ်သည် (ခရစ်တော်၏သတိုးသမီးလိုမျိုး လက်ခံခဲ့ပါသည်) ဘာလီစပါးသီးရာ အချိန်ကာလ သို့ ရောက်ရှိလာပါသည်။ သူက၊"ယခု၊ သူ၏ဝတ်ရုံကို သူမအပေါ်သို့တင်ပါ။" ဟုဆိုပါသည်၊ သူမ၏ဝတ်ရုံကို ချွတ်ပြီး၊ သူအပေါ်သွားတင်တာ၊ မဟုတ်ပါဘူး။ က နေ့ မည်မျှလောက် ကပြောင်းကပြန် ဖြစ်နေကြပါသလဲ။ "သင့်အပေါ်သို့သူ့ဝတ်ရုံကို ကပ်ထားစေရမှာပဲ ဖြစ်ပါတယ်၊ သင်သူကို တွေ့ဆုံဖို့သွားတဲ့အချိန်ကာလမှာ ဖြစ်ပါတယ်။"သူလည်း ဒီနေ့ည ဘာလီ ဂျုံစပါးတို့ကို လေဖြင့်ချွေလွင့်မှုပြုမည်။ သွားတဲ့အခါ၊ သင်ဝတ်ရုံကိုဝတ်သွားရမှာပဲ ဖြစ်ပါတယ်၊ သင့်ကိုယ်သင် ဖုန်းအုပ်ပြီး၊ သူနှင့်တွေ့ဆုံရမှာ ဖြစ်ပါတယ်။"

ကနေ့၊သူတို့ဟာ သူတို့ကိုယ်သူတို့မဖုံးအုပ်ချင်တော့ပါ။ "သင့်ကိုယ်သင် ဖုံးအုပ်ပါ။ သွားရခြင်းအကြောင်းမှာသူက ဘာလီစပါးကို ချွေလှေ့မှုပြုမည်ဖြစ်သောကြောင့်ပေတည်း။" အဲဒီနောက်သူလှဲချတဲ့နေရာကိုအမှတ်အသားပြုရမှာပဲ ဖြစ်ပါ တယ်။ "သင်အဲဒီလို လုပ်ဆောင်ခဲ့ပါသလား။ ဂေါလဂေါသ အရပ်မှာဖြစ်ပါတယ်။" နှစ်ပေါင်းများစွာလွန်ခဲ့ပြီး ဖြစ်သည်၊ ကိုယ်တော် ကျွန်ုပ်အား ဆောင်ယူစရာအကြောင်း၌သူ့အသက်တာကို စွန့်ရာအရပ်ကို ကျွန်ုပ်နှလုံးသားကနေ အမှတ်အသား ပြုခဲ့ပြီးပါပြီ။ "သူလဲလျောင်းတဲ့နေရာကိုမှတ်သားထားပါ။" သူဘယ်နေရာမှာ လဲလျောင်းလဲဆိုတာ စောင့်ကြည့်နေပါ။ ထိုအရာသည် ယုံကြည်သူတိုင်းလုပ်သင့်လုပ်ထိုက်သောအရာ ဖြစ်ပါမည်၊ လွန်ခဲ့သောတနင်္ဂနွေနေ့က "ကာရာနီသို့ အလည်တခေါက်။"ဆိုသောသတင်းစကားကို ကြားပြောခဲ့ပါသည်။

သင့်အတွက်ကိုယ်တော် မည်သို့အမှုပြုတော်မူသည်ကို အမှတ်အသားပြုပါ။

54 ၅၄။ သူမက၊ "သူလဲလျောင်းရာအရပ်ကို အမှတ်အသားပြုပါ၊အဲဒီနောက် သူအိပ်ဖို့ရန် လဲလျောင်း မှုပြုစဉ်အခါ၊ (အနားယူဖို့ရာ)၊ သူ့ခြေရင်း၌ သင်သွား၍လဲလျောင်းရမည်။" ဟုမှာကြားထားခြင်းကြောင့် ဖြစ်ပါသည်။ သူ့ခေါင်းမဟုတ်ဘူး၊ သူ့ခြေရင်းမှာဖြစ်ပါသည်—မထိုက်တန်ခြင်းဖြစ်ပါသည်။ သူနှင့်အတူ စောင်ကို ခြုံလွှမ်းရမည်ဖြစ်သည်။အဲဒါကို သင့်ထံသို့ဆွဲယူရမှာ ဖြစ်ပါသည်။ အဲဒါကို သင်မြင်ပါသလား။ အို၊ ကျွန်တော်။ကျွန်တော်ဟာ အလွန်အစွန်းရောက်သည်ဟု သင်ထင်ကောင်းထင်နိုင်သည်ကို ကျွန်တော်သိပါတယ်၊ သို့သော်အမှန်ပဲ ထိုသို့သောအရာကို ဝတ်ဆင်ရမှာ ဖြစ်ပါတယ်၊ ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်ပါသည်။သူလဲလျောင်းသောအရာကို အမှတ်အသားပြုပါ.... ကရာနီတောင်ကုန်း ဖြစ်ပါ တယ်၊ ကိုယ်တော်လဲလျောင်းရာဂူသင်္ချိုင်း(ကျောက်ဂူ)နေရာကို ဖြစ်ပါသည်၊ ဂေသရှည်မန် ဥယျာဉ်၌ ဖြစ်ပါသည်။ အမှတ်အသားပြုပါ၊ ကိုယ်တော်၏ခြေရင်း၌ဝပ်တွားလျက်သွားလာပါ၊ အဲဒီနေရာမှာ လဲချပါ၊ သင်ကိုယ်သင် အသေသတ် ရမည်ကို၊ သိမြင်ရပါမည်၊အဲဒီလို သင်ဖြစ်ရပါမည်။ ကိုယ်တော်၏သင်တိုင်းဖြင့် သင့်ကိုယ်သင် ဖုံးအုပ်ရပါမည်။

သူမက"အောက်ခံသင်ပိုင်း" ဟုပြောပါသည်။ အဲဒါကို စကပ်လို့ခေါ်ပါသည်။ ရုသက "သင်ပြောသလို၊ ကျွန်တော်မျိုးမလုပ် ဆောင်မှုပြုမည်။" အိုး ယုံကြည်သူတစ်ယောက်အတွက် ရှင်းလင်းပြတ်သားသော ဆုံးဖြတ်ချက်တခုဘဲ ဖြစ်ပါသည်။ သမ္မာကျမ်းစာ မိန့်တော်မူသည့်အတိုင်း ကျွန်ုပ် လုပ်ဆောင်မှု ပြုမည်။ထိုအရာက၊ နောင်တရလော့ ယေရှုခရစ်တော်၏ နာမ၌ ဗတ္တိဇံပြုကြလော့၊ ဟုဆိုရင်၊ ထိုသို့ကျွန်ုပ်ပြုပါမည်။ အကယ်၍၊ အလုံးစုံသော လောကီအရပ်သို့သွား၍၊ ဧဝံဂေလိတရားကို ကြားခံပြောလော့။ ဟုဆိုရင်၊ကျွန်ုပ် ထိုသို့လုပ် ဆောင်မှုပြုပါမည်။ အကယ်၍...ဘယ်လိုပဲပြောပြော၊ ယေရှုခရစ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလ ပြောင်းလဲခြင်းမရှိဟု ဆိုလျှင်၊ ကျွန်ုပ်အတွက် ရောက်ရှိသော ထိုအဆိုအမိန့်အတိုင်း ဖြစ်စေပါ မည်။ သိမြင်ရမည်မှာ၊ အသင်းတော်သည်နှုတ်ကပတ်တော်မှ ထိုအရာကို အစီအစဉ်တကျ ဖြစ်ပွားစေသည် ဆိုခြင်းပါပဲ။ သူမလဲ ချလိုက်ပါတော့သည်။

55 ၅၅။ ယခု၊ သတိထားရမှာက၊ အရှက်တကွဲ အကျိုးနည်းစေသောအကြောင်းမှာ၊ ငယ်ရွယ်သူ မုတ်ဆိုးမပျိုတယောက် သည် ဒီလူ၏ဘေးတွင် လဲလျောင်းမှုပြုသည့်ဆိုသောအချက်ဖြစ်ပါသည်၊ သူ့ရဲ့ခြေထောက်မှာ ဖြစ်ရပါမည်။ လောကကြီး၏ ပြင်ပရောက်စေသော မတင့်တယ်ခြင်းဖြစ်ပါသည်။အို၊ ထိုသို့သောအရာ၌ သင်ရပ်တည်နိုင်ပါသလား။ ဒီနေရာမှာ ဒီလိုဖြစ် ပါသည်။

ကြည့်ပါ၊ကြည့်ပါ၊ ဒီနေရာကို ဖြစ်သည်။ အသင်းတော်က ၊ငယ်ရွယ်သူမိန်းမ၊ ငယ်ရွယ်သူယောကျ်ား၊ အိုအို၊ပျိုပျိုပါ၊ လောကအရာမှ၊

သူတို့ကိုယ်သူတို့သီးခြားဖြစ်စေရန် မေးလျှောက်စရာအကြောင်းဖြစ်လေသည်၊ ထိုအရာသည် လောကထဲ သို့ရောက်လျှင်၊ မတင့်တယ်သော အသင်းတော်၏ နိုင်ငံတခုရှိပါသည်၊ထိုအရာသည် လောကထဲသို့ရောက်လာလျှင် သူတို့ဟာ အစွန်းရောက်တယောက် ဖြစ်သွားပါမည်။ သူတို့ဟာအစွန်းရောက်ပြီးလူးလဲကခုန်နေသူများ ဖြစ်သွားကြပါမည်။ သို့မဟုတ် အတွေးအခေါ်ပေါ်၌ တစုံတခုသောအရာ ရှိပါမည်၊အချို့သော မတင့်တယ်သည့် အမည်နာမ ဖြစ်ပါသည်။ သို့သော်အသင်းတော်က ထိုသို့လုပ်ဆောင်ဖို့မေးမြန်းခဲ့ပါသည်။ နေရာကို သင်အမှတ်အသားပြု၍၊ ထိုနေရာ၌ လဲလှောင်း မှုပြုပါမည်လား။ သူတို့အလိုရှိသည်။လောကအရာ ဘာတခုကိုမှ သင့်အား ခေါ်ဆောင်စေခြင်းမရှိပါစေနှင့်။ သီချင်း ဟောင်းတပုဒ်ကိုဆိုနေကြဖြစ်သည်။

ယေရှုတဦးတည်းနှင့်သာလျှောက်လှမ်းဖို့ရာ ကျွန်ုပ်အစပြုခဲ့ပါသည် (မြင်လား) ခေါင်းအုံးအတွက်၊ ယာကုပ်က၊ ကျောက်ခဲတလုံးကို ထားရှိခဲ့ပါသည်။

ဘုရားသခင်၏အနည်းငယ် အထင်သေးစရာရှိသည့် လမ်းကို ကျွန်ုပ်လျှောက်လှမ်းမှုပြုပါမည်။ ယေရှုနှင့်အတူကျွန်ုပ်အစပြု ခဲ့ပါသည်။ တောက်လျှောက် အဲလိုပဲ ကျွန်ုပ်သွားခဲ့ပါသည်။

56 ၅၆။ အဲဒါဟာ အဲဒီလိုဖြစ်တယ်။ အကြောင်းမဟုတ်ပါ.... အခြားလုပ်ဆောင်စရာ ဘယ်အရာမဆိုတန်ကြေးအဖိုးကို ကျွန်ုပ် ပေးအပ်မှုပြုပါမည်။အဓိပ္ပာယ်က မတင့်မတယ်ဖြစ်လျှင်၊ အိမ်ကိုဆုံးရှုံးစရာအကြောင်း အဓိပ္ပာယ်ရမည်ဆိုပါက၊(မိသားစု၊ အလုံးစုံသော သင်၏အဖွဲ့အစည်း၊ ချစ်သူမိန်းကလေး၊ ချစ်သူယောက်ျားလေး၊ ဘယ်လိုအဓိပ္ပာယ်မျိုးဖြစ်ဖြစ်ဆုံးရှုံးစရာအ ကြောင်းရှိသည်ဟု အဓိပ္ပာယ်ရမည်ဆိုပါက၊ ကျွန်ုပ်တယောက်တည်း လျှောက်လှမ်းမှုပြုပါမည်။လမ်းဖောက်ပါမည်။ ကျွန်တော်အိမ်းနီးချင်းက သန့်ရှင်းစွာ ကခုန်လှုပ်ရှားတတ်သော၊ ပန်တီကော်စတယ်တယောက်၊အယူသီးသူတယောက်ဟု ပြောခဲ့မယ်ဆိုရင်၊ သူတို့ဘာပဲပြောပြော ကျွန်တော် ဂရုစိုက်မှာ မဟုတ်ပါဘူး။ထိုအရာက ကျွန်ုပ်အား ကွဲလွဲသောအရာ တစိုတစဉ်းကိုမှ လုပ်ဆောင်လို့ရမှာ မဟုတ်ပါဘူး။ အဲဒီမှာကျွန်တော်အစပြုခဲ့ပါသည်၊ ကျွန်တော် ရှင်းလင်းတဲ့ဆုံးဖြတ်ချက် တခုကို ချမှတ်ပြီး၊ အဲဒီအတိုင်းလျှောက်လှမ်းမှုပြုပါမည်။

57 ၅၇။ ယခု၊ သူတို့၏ပင်ပန်းဆင်းရဲလှစွာသော ဂျုံစပါးစုသိမ်းရာလယ်ကွက်မှ၊ သူမ၏ ခိုနားစရာကို ပေးပိုင်သော ပုဂ္ဂိုလ်မှာ သူတယောက်တည်းပဲ ရှိပါသည်။ အိုဘယ်လောက် ချစ်စရာကောင်းလိုက်ပါသနည်း၊ အဲလိုအချိန်မှာ ဗောဇက သူမကို တွေ့ရှိခဲ့ပါသည်၊ သူကပြောပါသည်၊

"ကြည့်ပါ။"လို့သူကပြောပါသည်၊ သင်ဘယ်သူလဲ။

"ကျွန်မနာမည်ရုသပါ" လို့ဖြေပါသည်။

"အို၊ကျွန်ုပ်တို့နှင့် မောဘပြည်သို့ခရီးဦးကြိုပြုဖို့ရောက်လာခဲ့တယ်လေ။"

"ဟုတ်ပါတယ်။"

"ကျွန်တော်မင်းအကြောင်းကြားပါတယ်။ သင်က အခြားလယ်ကွင်းသို့သွားရောက်ခြင်းမရှိပါ။ အဲဒါကို ကြိုက်တယ်။" "လုပ်ငန်းတွင်းဟိုခုန်ဒီခုန် မလုပ်ပါနှင့်။ ငါ့လယ်ကွက်၌သာ တည်ရှိနေပါ။ ငါပိုင်ဆိုင်သော နေရာတွင် တည်ရှိနေပါ။"သူက သူမကို ချစ်ပါသည်၊ ဒီမှာနေ၊ ငါနဲ့အတူနေ။ တနေရာပြီးတနေရာ လျှောက်ပြေးမနေနဲ့။ ဒီမှာပဲနေ။"

"အကယ်၍၊သတင်းစကားကို သင်ယုံကြည်တယ်ဆိုပါက၊ အဲဒီမှာ ချိတ်ထားရမည်ကို၊ သိမြင်ရပါမည်၊ ဈေးနှုန်းကဘာပဲ ဖြစ်ဖြစ် ကိစ္စမရှိပါဘူး၊ ဒါနဲ့အမှန် တည်နေရပါမည်။ အဲဒီအပေါ်မှာ လျှောက်လှမ်းပါ။ဒီအရာ၊ ဟိုဥစ္စာ၊ ဒါမှမဟုတ် အခြား အရာက ယဇ်ကပူဇော်သည်ဟု အဓိပ္ပာယ်ရသည် ဆိုပါက၊ ကျွန်တော်ရဲ့သောက်စားခြင်းကိုစွန့်လွှတ်စရာအကြောင်းအ ရှိပါသည်။ ထိုသို့သောအရာနှင့် အမှန်တကယ် ကျွန်တော် တည်ရှိနေမည်။"ဖြစ်ကြောင်း သိမြင်ရပါမည်။

58 ၅၈။ အဲဒါက တဖန် ပြောဆိုခဲ့ပါသည်... သူပြောတာက၊ "ယခု၊ လုလင်တို့သည် သင့်ကို မနှောင့်ရှက်ရမည့်အကြောင်းငါမှာထားပြီး။" ဆိုတာပါပဲ။ အာမင်၊ ဒါကို ကျွန်တော်ကြိုက်ပါသည်။ သူ၏ ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ပါသည်။ဒါကို ဘယ်သူပြောတာပါလဲ။ ဘုရားသခင်၏ ရုတ်သိမ်းခြင်း ဖြစ်ပါတယ်။ "သတိပြုလော့။ ငါ၏ဘိသိတ်သွန်းခြင်းကိုမထိနှင့်။ ငါ့ ရဲ့ပရောဖက်ကို နာကျင်စေခြင်း မပြုနှင့်။" အဲဒါမှန်ပါသလား။ အကယ်စစ် သင်အားကျွန်ုပ်ဆိုစရာအကြောင်းမှာ၊ "သင်၏ လည်ပင်း၌ ကြိတ်ဆုံကို ဆွဲ၍၊ ပင်လယ်ထဲကို" ခုန်ချခြင်းသည်သာ၍ မြတ်တယ်ဆိုတာပါပဲ... ဒီလို ကျွန်တော်တို့ရဲ့မျောက်များကျူးလွန်မိတဲ့အရာသေးသေးလေးရှိနေရင်တောင်မှဖြစ်သည်။ အဲဒါအမှန်ပဲ မဟုတ်လား။ သူတို့ထံသို့ပြစ်မှား သောအရာကို ဆောင်ယူမသွားပါနှင့်။(သူ့အား မနှောင့်ယှက်မည့်အကြောင်း ငါမှာထားသည်ဆိုတာပါပဲ။) အို၊ လောက၏ ညှင်းပန်းနှိပ်စက်တတ်သူကိုကြည့်ပါ။ သူတို့၏ အချိန်နာရီသည် ရောက်လာစရာအကြောင်းရှိသည်။

59 ၅၉။ အဲဒီနောက် သူသည် လုငယ်များနှင့် အခြားသူများဆီသို့သွားရောက်ခဲ့ပါသည်၊ သူပြောတာက၊ "ယခု၊ သူမဟာ အသက်ရှင်ခြင်းအတွက် ကောက်နှံများကို စုသိမ်းမှုပြုပါသည်။ ယခု၊ ရိတ်သိမ်းသူများဖြစ်သည်။သင်တို့အား အလိုရှိပါ သည်၊ သင်တို့ကောင်းကင်တမန်များသည်...." ဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုသော်၊ (သူတို့ဟာဘာလဲဆိုရင်၊) သူပြောခဲ့ပါ တယ်၊ "သင်တို့ကောင်းကင်တမန်များ၊သင်တို့ရိတ်သိမ်းမှုပြုသူများကို ကျွန်ုပ်အလိုရှိ၏။ အကြိမ်တိုင်းအကြိမ်တိုင်း ရည်ရွယ်ရာလက်တဆုတ်ရလေသည်။ သူမအတွက်စိတ်အနှောက်အယှက်ဖြစ်စေမည့်အရာ ဘာတခုမှမပြုနှင့်။ သို့သော်အကြိမ်တိုင်း၊ အခါတိုင်း သူမအား သတင်းကောင်းကို ကြားသိစေပါ။ အကြိမ်တိုင်း သူမအား သန့်ရှင်းသောဝိညာဉ်တော်၏ ကောင်းမြတ်သောတန်ခိုးကို

ကြားသိစေပါ။ အကြိမ်တိုင်း သူမအား သိစေပါ။ သူမအကြား၌သက်သာစေခြင်း အကြောင်း တစုံတခုကို လုပ်ဆောင်မူပြုပါ။ အံ့သြစရာအမှတ်အသားတခုခုကို သူပြသမူပြုပါ၊ငါသည်အလယ်၌ ရှိကြောင်း သူမသည် သိလာရပါမည်။" အဲဒါက အဲဒီလိုပါပဲ။ သူတို့လက်၌ အပြည့်အမောက်ရှိသည်ကိုသင်နှစ်သက်ခြင်းမရှိဘူးလား။ ဒီမနက်ခင်း တခုခုထိ ကျွန်ုပ်ကို ရှာဖွေစရာအကြောင်း ကျွန်တော်မျှော်လင့်မိပါသည်၊ သင်ကော အဲလိုမဟုတ်ဘူးလား။ လက်အပြည့် လက်ဆတ်သော ဂုံျုစပါးတည်ရှိစေခြင်းအကြောင်းဖြစ်ပါသည်။ ကိုယ်တော်၏လုပ်နေကျ တစုံတခုသောအရာကို ဘုရား သခင်သည် အမူပြုတော်မူပါသည်၊ ကိုယ်တော်အမူပြုသည့် တစုံတခုသောအရာကို ကျွန်ုပ်တို့သိပါသည်။ ဘုရားသခင်ကိုယ် တော်၏ကောက်ရိတ်သိမ်းခြင်းဖြစ်ပါသည်။ တဆူတည်းသော ကိုယ်တော်ရှင်သည် လက်အပြည့် စုသိမ်းနိုင်ပါသည်။"ဒီ မနက်ခင်း ထိုအစည်းအဝေးသို့ ကောင်းကင်တမန်တို့အားသွားရောက်စေခြင်း အလိုငှာ ငါမှာထား၏။အချို့သောကိစ္စနှင့် အချို့သောအရာကို လုပ်ဆောင်မူပြုရန် သူတို့အားငါအလိုရှိသည်။ သူတို့အားငါမှာထားသည်၊ အဲဒါကို သူတို့လုပ်ဆောင်မူ ပြုပါမည်။" အို၊ ကျွန်တော်။

60 ၆၀။ ယခု၊ ဒီမှာ ရှက်ဖွယ်ကောင်းသော အပိုင်းဆီသို့သူမကို ခေါ်သွားစရာအကြောင်းရှိပါတယ်၊ လဲချမူပြုရန် ဖြစ်ပါသည်၊ သူမအလိုရှိတာတွေဟာ ဘာမှမဟုတ်ဘူးလို့ခေါ်ဆိုခဲ့ကြပါသည်။ ပြည့်တန်ဆာမ တယောက်လို သူမကို ခေါ်ဆိုခဲ့ပါသည်၊ သင်သိပါတယ်။ မကောင်းသတင်းနဲ့ကျော်ကြားနေတဲ့မိန်းမတယောက်လိုသူမကိုခေါ်ဆိုနိုင်ပါသည်၊ သူမမဖြစ်သေးသည့် တိုင်အောင် အဲလို ခေါ်ဆိုကြပါမည်။ သူမအပေါ်သက်ရောက်သည့်စည်းမျဉ်းအတိုင်း အတိအကျ လိုက်လျှောက်ရပါတော့ မည်။ ဒါကြောင့် သူမဆင်းသွားပြီး၊ အဲဒီလူကိုယ်ပေါ်မှာရှိခဲ့တဲ့ ဖုံးအုပ်စရာတခုခုဖြင့် သူမကိုယ်သူမ ဖုံးအုပ်မူပြုပါမည်။ သူမ ဘယ်နေရာကိုသွားရောက်ခဲ့ပါသနည်း။သင်္ချိုင်းဂူသို့ ဖြစ်ပါတယ်။ သူမဘယ်နေရာကိုသွားရောက်ခဲ့ပါသနည်း။ အဲဒီလူသေ ဆုံးရာနေရာကိုဖြစ်ပါတယ်။

အဲဒါကျွန်တော် တွေ့ရှိရာနေရာ ဖြစ်ပါတယ်။

ကျွန်ုပ်၏ကယ်တင်ရှင်ကိုကားတိုင်မှချပြီး၊ အထောက်အထားကိုထားရာအရပ်ဖြစ်ပါသည်။ ကျွန်ုပ်၏ ငိုကြွေးခြင်းအကြောင်းဆိုသော အပြစ်မှ စင်ကြယ်စေခြင်းအလို့ငှာ၊ ထိုနေရာသို့ချထားဖြစ်ပါသည်။ အသွေးတော်ကိုအသုံးချ၍ ကျွန်ုပ်နှလုံးသားထံ သို့ ရောက်ရှိစေပါသည်။

အသွေးနှင့်ပြည့်သောရေပန်းတခုရှိပါသည်။

ဧမာနွေလ၏သွေးလွှတ်ကြောမှ စီးဆင်းပါသည်။

အပြစ်သားတွေရှိရာအရပ်၌၊အသွေးစီးဆင်းခြင်းထဲမှ ထိုးနှစ်ပစ်ကာ၊သူတို့၏ အပြစ်နှင့်စွန်းထင်းလျက်ရှိသောအရာအားလုံးကို ကွယ်ပျောက်စေပါသည်။

61 ၆၁။ ကိုယ်တော်လဲလျောင်းတော်မူရာ နေရာကို အမှတ်အသားပြုပါ။ကိုယ်တော်နှင့်အတူ ထိုနေရာ၌ လဲလျောင်းမူပြုပါ။ ဒီနေ့မနက်ခင်းမှာ၊ ပြီးခဲ့တဲ့တနင်္ဂနွေနေ့ကကျွန်တော် ပြောခဲ့သလိုမျိုး၊ ကရာနီတောင်ကုန်းဆီသွားရန် သင်အဆင့်သင့် ဖြစ်ပါပြီးလား။ သင်၏အသက်တာ၌ နေရာဒေသကို အမှတ်အသားပြုပြီး ဖြစ်ပါသလား။ ယေရှုခရစ်တော်ကို ကားစင်တင် သတ်ရာနေရာ၌၊ သင်ကိုယ်သင်ဆောင်ယူမူပြုပြီး ဖြစ်ပါသလား။

"အို၊ထိုသိုသောအရာအတွက် ကျွန်တော်ဂုဏ်ယူမိပါသည်။" သို့သော် သင်၏ ကားစင်တင်သတ်ခြင်း အကြောင်းကအဘယ်သို့သော်အရာ ဖြစ်ပါသလဲ။ ရှက်ရွံ့ဖွယ်ရာ အမည်နာမများဖြစ်သည့်၊ ခုန်ပေါက်ကခုန်နေသူ၊ဘာသာရေးအစွန်း ရောက်နေသူ၊ ဘယ်လိုပဲ ဖြစ်ဖြစ်… ဘယ်လိုစျေးနှုန်းမျိုးနဲ့မဆို၊ လျှောက်လှမ်းဖို့ရာသင်အသင့်အနေအထား ဖြစ်ပါပြီလား။ နေရာကို သင်အမှတ်အသားပြုပြီး ဖြစ်ပါသလား၊ ဒါကြောင့်ထိုအရပ်သို့သွား၍၊ ကိုယ်တော်နှင့်အတူ လှဲချမူပြုသော၊ "ကိုယ်တော်၊ ဒီနေရာမှာ၊ ကိုယ်တော်ရှိပါသလား၊"ဟုမေးလျှောက်ပြီး ဖြစ်ပါသလား။ အဲဒီနောက် ဘာဖြစ်ပါသနည်း။ ကိုယ်တော်ပေါ်တွင် လွှမ်းခြုံထားသောတူညီသော ဖုံးအုပ်စရာကို ဆွဲယူ၍၊ သင်အပေါ်မှာ ခြုံလွှမ်းမူပြုပါ။

62 ၆၂။ တခါက မိန်းမတယောက်သည် ဘုရားသခင်အား ဆိုခဲ့ဖူးပါသည်။"ဘုရားသခင်၊ ကျွန်မအား သားနှစ်ယောက် ပေးသနားတော်မူပါ၊ တယောက်ကို ညာဘက်တွင် ထိုင်စေကာ၊ကျန်ဘယ်လက်တွင် အခြားတယောက်ကို ထိုင်စေခြင်းဖြင့်၊ နိုင်ငံတော်ကို တည်စေပါ။" ဟူ၍ ဖြစ်သည်။

ကိုယ်တော်က"ငါသောက်သောခွက်ကို သင်သောက်နိုင်ပါသလား။" ခါးသီးသော နှိမ့်စက်ညှင်းပန်းခံရခြင်း ခွက်ဖလားဖြစ်သည်။ ဟုမိန့်တော်ရှိပါသည်။

"ဟုတ်ကဲ့ပါ။"

"ငါပြုသောဗတ္တိဇံမင်္ဂလာဖြစ်သည့်၊ တူညီသော ဗတ္တိဇံဝတ်ကို သင်ပြုနိုင်ပါသလား။" လှဲချလိုက်ပါ။တူညီသော ခြုံလွှမ်းစရာကို သူမအပေါ်သို့ဆွဲယူခဲ့ပါသည်။

ဧလိယကယူတင်ဝတ်ဆောင်ခဲ့ပါသည်။ ဧလိယသည် သူခြုံလွှမ်းခဲ့သည် တူညီသောအရာကို ပစ်ပေါက်ကာ၊ သူ့ဝိညာဉ်၏နှစ်ကိုယ့်တစိတ် ဖြစ်သော ဧလိရှဲပေါ်သို့ခြုံလွှမ်းမူပြုပါသည်၊ တူညီသောဝတ်ရုံကို ဖြစ်သည်၊နှစ်ကိုယ့်တစိတ်ဆီသို့ဖြစ်သည်၊ တူညီသောတန်ခိုးကို ဖြစ်သည် ပိုပြီးတော့… ကြီးမြတ်စရာအကြောင်းတော့မရှိပေ။ နှစ်ကိုယ့်တစိတ် ဖြစ်သော ကြောင့်ပေတည်း။

63 ၆၃။ "မောရှည်လိုမျိုးပါ၊ သူကြိုးစားလုပ်ဆောင် ခဲ့သောအချိန်ကာလကဖြစ်သည်၊ ဘုရားသခင်က သင့်ဝိညာဉ်ကို

ယူဆောင်မှုပြုမည့်အကြောင်း တောင်းဆိုပြုလော့။ အခြားအရာတွေအပေါ်မှာထားထားပါ။" လို့ပြောခဲ့ပါတယ်။ ကိုယ်တော် တောင်းဆိုပြုခဲ့ပါသည်၊

သူသည်ဝိညာဉ်တော်ကို ယူတင်ဝတ်ဆောင်ခဲ့ပါသည်၊ အယောက်ခုနစ်ဆယ်ပေါ်သို့သက်ရောက်ခြင်း ရှိလေသည်၊ပရောဖက် ပြုရန် ယောက်ခုနစ်ဆယ်ဖြင့် အစပြုခဲ့ပါသည်။ သူတို့မှာ အဘယ်သို့သောတန်ခိုးကိုမှပိုရရှိစရာအကြောင်း မရှိပေ။ သူတို့မှာ လုန်င်န်းဆောင်တာတွေ ပိုလာစရာ ရှိခဲ့ပါသည်။ အဲဒါအားလုံးပါပါသည်။သူတို့မှာ အခန်းကဏ္ဍာတွေ ပိုလာစရာအကြောင်းရှိခဲ့ပါသည်။

ကနေ့အဲဒီလိုမျိုး ပုံစံ ဖြစ်ပါသည်။ လူတယောက်က အဲဒါကို မလုပ်ဆောင်နိုင်ပါ။ ဘုရားသခင်သည်သူ့ရဲ့ယန္တရားနှင့် ဆိုင်သော လုပ်ငန်း ဆောင်တာများကို ဘယ်နေရာမဆို အမှုပြုနိုင်ပါသည်၊သို့သော်၊ တူညီသော ယေရှုပဲ ဖြစ်ပါသည်။

64 ၆၄။ ယခု.... ခြုံစောင်ကို ရယူကြရပါမည်၊ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်။ သူမသည် သူမကိုယ်သူမသတ်ပြီး၊ သူသေဆုံးရာအရပ်ကို အမှတ်အသားပြုပါသည်.... သူသည် သေဆုံးရာနေရာ၌ လဲလျောင်းခဲ့ရပါသည်။ သူ့အပေါ်မှာ လွှမ်းမိုးသောခြုံစောင်ကိုယူ၍၊ သူမကိုယ်ပေါ်မှာ ဆွဲယူဖုံးအုပ်စရာအကြောင်းရှိပါသည်။ လူကတော့ နိုးထသွားခဲ့ပါသည်။"အဲဒီက ဘယ်သူလဲ။" ဟုမေးမြန်းမှုပြုပါသည်။

သူမက၊"ကျွန်မက ရုသပါ၊ မောဘပြည်သူဖြစ်ပြီး၊ ကိုယ်တော်ရဲ့အစေခံဖြစ်ပါသည်။" ဟုဖြေပါသည်။ သူကထလာပါသည်။"သူက"ငါသိရှိနားလည်တာက၊ သင်ဟာ စာရိတ္တကောင်းမွန်တဲ့ အမျိုးသမီးတယောက်ဖြစ်ပါတယ်။ ဆိုတာပါပဲဟုဆိုပါသည်။ အာမင်၊ သင်ရဲ့ဝိညာဉ်ထဲသို့နည်းနည်းလေး တုန်ခါသွားစရာအကြောင်း ရောက်မသွားခဲ့ဘူးလား။သင်ဟာ အကျင့်စာရိတ္တ ကောင်းမွန်တဲ့ အမျိုးသမီးတယောက်ဖြစ်ပါတယ်။

65 ၆၅။ သူမ ဘယ်လိုပြန်ဖြေခဲ့ပါသနည်း။ "သို့သော် သင်သည်ကျွန်ုပ်၏ ဆွေမျိုးနီးစပ်တော်စပ်သူ ဖြစ်သည်။" အာမင်။ "သင်သည် ဆွေမျိုးနီးစပ်သူတယောက်ဖြစ်တယ်။"သင်က ငါ့အတွက် ဖြစ်တယ်၊ ခိုလှုံစရာအဖြစ် သင့်ကို ကျွန်ုပ်ထားရှိနိုင်ပါ သည်။ ဒီကို ကျွန်ုပ်ရောက်လာပြီးဒီနေရာမှာ လဲလျောင်းမှုပြုပါသည်၊ အကျင့်ပျက်သော မိန်းမတယောက်အဖို့မဟုတ်ရပါ။ ငါဒီမှာလဲချတာဟာ၊ ပြသဖို့မဟုတ်ပါဘူး ["နှုတ်လျှာဖြင့် ငါသည်စကားပြောနိုင်စရာအကြောင်း"လူတို့အားပြသစရာရှိလေသည်၊ ငါ့အော်ဟစ်နိုင်ကြောင်း လူတို့အား ပြသမှုပြုပါမည်။] သို့သော် ဒီနေရာကို ငါရောက်လာရခြင်းအကြောင်းကတော့သင်ဟာ ကျွန်ုပ်၏ ဆွေမျိုးနီးစပ်တော်သူ တယောက်ဖြစ်လို့ပါပဲ။ ခပ်ကြီးကြီး ကိစ္စတခုကိုကျွန်ုပ်လုပ်ဆောင်နိုင်ကြောင်း ပြသမှုမပြုပါ၊ သို့သော် သင်ဟာ ကျွန်ုပ်ရဲ့ ဆွေမျိုးသားချင်းဖြစ်ပါသည်။ကျွန်ုပ်လာရောက်ရခြင်း အကြောင်းမှာ သင်သည် ဆွေမျိုးနီးစပ်တော်သူတယောက် ဖြစ်လို့ပါပဲ။သင်သည် ကျွန်ုပ်အား ကယ်တင်နိုင်သူ တဦးတည်းသောသူ ဖြစ်ပါသည်။"

ခရစ်တော်ထဲသို့ပြောင်းလဲသောသဘောထားရှိရမည့်အကြောင်း သိမြင်ပါသလား၊ အသင်းတော်အပေါ်မှာ ဖြစ်ပါသည်။ မြင်ရမယ်၊ မြင်လား။ "သင်ဟာ အမျိုးကောင်းသမီးရတနာတယောက်ဖြစ်တယ်။ ငါဟာ သင်ရဲ့ဆွေမျိုးနီးစပ်တော်သူဖြစ်တယ်၊ ယခု၊ သင်ပါသာသင် ဖုံးထားပါ၊ မနက်ထိ လဲလျောင်းနေပါ။ အဲဒီစောင်နဲ့ဖုံးအုပ်ပါ။ ငါဟာသင့်ဆွေမျိုးဖြစ်တယ်။ ဒီမနက်အထိအဲဒီမှာ လှဲနေပြီး၊ အနားယူနေပါတယ်။ အနားယူပါ။" အာမင်။

66 ၆၆။ မိုးလင်းသောအခါ၊ တနေ့တာ မကုန်ဆုံးမှီ လမ်းကြောင်းရှိနေပါသည်၊သူမဟာ ဘာလီစပါးအစုအကြီးကြီးကို စုသိမ်းမှုပြုပါသည်။ (အဲဒီအစည်းဟာ စပါးခြောက်သြမဲ ရှိမည်ဟုကျွန်တော် ယုံကြည်ပါသည်။) အဲဒါကို သူမရဲ့ခြုံထည် အဝတ်ထဲမှ ထည့်ပြီး၊ အိမ်သို့ ပြန်သွားခဲ့ပါသည်။နောမိက "ငါ့သမီး" ဟုဆိုပါသည်။

စတေးခံရမည့်အရပ်မှသူမထလာခဲ့ပြီးနောက်မှာ၊ ပြန်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ "အခု၊ ဘာတွေ ဖြစ်ပျက်နေတာပါလဲ။မေမေကြီး၊ ယခု ဘာတွေဖြစ်ပျက်နေပါသနည်း။" "အနားယူစရာအရပ်ဖြစ်ပါသည်။" (အာမင်)။ "အနားယူပါ၊ရုသ၊ ဘာဖြစ်လို့လဲဆိုရင်၊ ယောက်ျားသည် ရွေးနှုတ်ခြင်း၏ တန်ခိုးအပြည့်ကို မရသေးသည့်တိုင်အောင်၊အနားယူစရာအကြောင်း မရှိလို့ပဲ ဖြစ်ပါတယ်။" အာမင်၊ အာမင်။ ထိုသောနေရာ၌ ကျွန်ုပ်အမှန်တကယ်ရပ်တည်မှုပြုပါမည်။ သင့်အား ရွေးနှုတ်စရာဖို့၊ ရွေးနှုတ်ခြင်း၏ အဖိုးကိုပြည့်စုံခြင်းမတိုင်မှီ၊သူသည် ခိုးနားစရာအကြောင်းမရှိပြီ သင်ဟာ အရာအားလုံးကို အမြဲ ဆုံးရှုံးခဲ့ရပါသည်၊ သို့သော်သင်ဟာ အရာရာတိုင်း ဖြစ်ပါသည်။

67 ၆၇။ ယခု၊ သတိပြုပါ၊ ရွေးနှုတ်ခြင်းနှင့်စပ်ဆိုင်သောဥပဒေသဖြစ်ပါသည်။ (ကျွန်ုပ်တို့ရောက်လာကြသလိုမျိုးပါ...အစည်းအဝေး ရုတ်သိမ်းချိန် နီးနေပါပြီ) ဒီနေရာက အလုံးစုံသော ရွေးနှုတ်ခြင်း၏ ဥပဒေသဖြစ်ပါသည်၊ဆုံးရှုံးထားသော ဂုဏ်သတ္တိတခုကို ယောက်ျားတယောက်က ရွေးယူမှုမပြုခင်အချိန်ကာလ ဖြစ်ပါသည်။သူသည် ဆွေမျိုးနီးစပ်တော်သူ ဖြစ်တယ်၊ နောက်ပြီး၊ သူဟာ ဖြောင့်မတ်သူ၊ တရားမျှတသူ တစ်ဦးဖြစ်ပါတယ်၊ထိုသို့ပြုစရာ အကြောင်းရှိပါတယ်။ အဲဒီနောက် သူလုပ်ခဲ့တာက၊ လူထုကို သက်သေခံမှုပြုခဲ့ခြင်းဖြစ်ပါသည်။အဲဒီနောက်တွင်၊ ထိုသို့သောအရာသည် သူ့ ရဲ့ဂုဏ် သတ္တိ ဖြစ်ပါသည်။

ဒါကြောင့်ယခု၊ ကြည့်ပါ၊ ဗောဇက ခရစ်တော်ကို ကိုယ်စားပြုပါသည်။ ယခု၊ ရုသကတော့ အသင်းတော်ကို ပုံဆောင်ခြင်းဖြစ်၍၊ သင်တို့၊ ယုံကြည်သူများပဲ ဖြစ်ပါသည်။ ယခု၊ ဓမ္မဟောင်းကျမ်း၌ ဘုရားသခင်သည်၊ ကြွလာတော်မူ၍၊ဆုံးရှုံးရ သောအရာကို ရွေးချယ်မှုပြုသော တခုတည်းသော လမ်းကြောင်းဖြစ်ပါသည်။ ဘုရားသခင်သည်ဆွေမျိုးနီးစပ်တော်စပ်သူ ထံ သို့ ဆင်းကြွတော်မူပါသည်။ ဘုရားသခင်သည် သူ့ရဲ့ဆွေမျိုးသားချင်းဆီသို့သွားရောက်ကာ၊ သူတို့ကို တခုတည်း ဖြစ်စေ သော တခုတည်းသောလမ်းကြောင်းကို ဖြစ်ပေါ်စေပါသည်။အာမင်။

68 ၆၈။ ဘုရားသခင်၏ ဦးစီးဦးရွက်ပြုမှု၌၊ ကျွန်ုပ်သည်ဘေးလီဂစ်ရဟမ်နှင့် ပုဂ္ဂိုလ်သုံးပါးဆိုသောအရာမျိုးပေါ်တွင် ကွဲလွဲမှုရှိပါသည်၊ သို့မဟုတ်အခြားသောသုံးပါးတဆူ သွန်သင်သူများနှင့် ဖြစ်ပါမည်။ ထိုသို့သောအရာအပေါ်တွင် ဖြစ်ပါ သည်။ထိုသို့သောအရာများပေါ်တွင်

ဖြစ်ပါသည်။ သုံးခုဆိုတာကို ကျွန်တော်ယုံကြည်ပါသည်။ အဟုတ်တကယ်ပါ၊ဒါပေမယ့်အပြုအမူ၌ မဟုတ်ပါ၊ သူတို့သည် ပုဂ္ဂိုလ်သုံးပါးဖြစ်စေကြပါသည်။ သူတို့ဟာ တဦးတည်းဖြစ်ပါသည်။အဲဒီဇာတ် ကြောင်းက တခုတည်း ဖြစ်ပါသည်၊ ကျွန်ုပ်တို့မှာ ပိုင်ဆိုင်သော ဘာတခုမှ မရှိပါဘူးသို့သော်၊ ထိုအရာကို သက်သေပြနိုင်ပါ သည်။ ဘုရားသခင်သည် လူဇာတိခံပါသည်။ ကိုယ်တော်သည်ဆွေမျိုးသားချင်း ဖြစ်လာပါသည်။ ကိုယ်တော်သည် ဘုရားမ ဖြစ်နိုင်တော့ပါ။ ကျွန်ုပ်တို့သည်အပြစ်သားများဖြစ်၍၊ (ဘုရားသခင်၏ ဖန်ဆင်းခြင်း ခံရသူများဖြစ်ပါသည်။ ကိုယ်တော်ဖန် ဆင်းခြင်း၌ဖန်းဆင်းခံရသောသတ္တဝါဖြစ်ပါသည်) အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ဟာ ဆွေမျိုးသွားစပ်လို့မရလို့ပါပဲ။ ဒါကြောင့် ဘုရားသခင်က လူဇာတိခံရပါသည်။ ထိုလူက ဘုရားဖြစ်သွားစရာအကြောင်းရှိပါသည်။အာမင်၊

69 ၆၉။ ကျွန်ုပ်တို့သည် လူသားများဖြစ်၍၊ အပြစ်သားများဖြစ်ကြပါသည်။ ဘုရားသခင်က အပြစ်သားတယောက်အဖြစ် ခံယူမှုပြုပါသည်၊ ကိုယ်တော်အပေါ် ကျွန်ုပ်တို့၏အပြစ်ကိုယူ၍တင်ကြပါသည်။ အပြစ်ဆိုတာကို မသိခဲ့ပါ။ အပြစ်သားတစ် ယောက် ရှိနေဆဲ ဖြစ်သည့်အတွက် ကျွန်ုပ်အပြစ်ကိုကိုယ်တော်အပေါ်တင်ခဲ့ကြရပါသည်၊ ကျွန်ုပ်တို့သည်…ကိုယ်တော် သည် ကျွန်ုပ်တို့ဖြစ်လာပြီး၊ ကျွန်ုပ်တို့ဟာ ကိုယ်တော်လို ဖြစ်သွားကောင်းဖြစ်သွားနိုင်ပါသည်၊သိမြင်ရပါမည်။ ကိုယ်တော် သည် အပြစ်သားတယောက် ဖြစ်လာကာ၊ ကျွန်ုပ်သည် ဘုရားသခင်၏ သားသမီးတယောက်ဖြစ်သွားနိုင်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသည် အမျုိးတော်စပ်သောကြောင့် ဖြစ်ပါသည်။ကိုယ်တော်သည် ကျွန်ုပ်တို့လို လူသား၏ပုံ သဏ္ဍာန်ကို ခံယူမှုပြုစဉ်အခါ၊ မိန်းမတယောက်၏မွေးဖွားပေးခြင်းကို ခံယူတော်မူခဲ့ပါသည်။ ဘုရားသခင်ဖြစ်ပါသည်။ အခြားသော လူတယောက် မဟုတ်ပါ၊ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ပါသည်။ တိမောသေ ဩဝါဒစာ (ပထမစောင့် ၃း၆)- “မှန်သောကိုးကွယ်ခြင်း၏နက်နဲသောအရာသည် ကြီးစွာသောအရာဖြစ်သည်ဟု ငြင်းခုံရန်မရှိ။ ဘုရားသခင်သည် ကိုယ်ခန္ဓာ ၌ပေါ်ထွန်းတော်မူပြီ။” ဘုရားသခင်ဖြစ်ပါသည်။ “အစဦး၌ နှုတ်ကပတ်တော်ရှိ၏၊ နှုတ်ကပတ်တော်သည်ဘုရားသခင်နှင့်အ တူ ရှိတော်မူသည်၊ နှုတ်ကပတ်တော်သည် ဘုရားသခင် ဖြစ်တော်မူ၏” နှုတ်ကပတ်တော်သည်လူဇာတိခံ တော်မူသည်။“

70 ၇၀။ နှုတ်ကပတ်တော်သည် လူဇာတိခံ၍၊ ဆွေမျိုးလာစပ်ခြင်း ဖြစ်ပါသည်၊ ကိုယ်တော်သည်လူသားတယောက်ဖြစ်လာ ခဲ့ပါသည်။ (အို) ကိုယ်တော် အသေခံရပါသည်၊ ကျွန်ုပ်၏ အသက်ရှင်ခြင်းအကြောင်းအတွက် ကိုယ်တော် အသေခံခဲ့ရပါ သည်။ ကိုယ်တော်သည် အပြစ်သားတယောက် ဖြစ်လာကာ၊ သူ၏ဖြောင့်မတ်ခြင်းအကြောင်းကကျွန်တော်တွင် ရှိလာစေပါ သည်…. အသက်ကို ရရှိစေပါသည်။ ကိုယ်တော်သည် ဆင်းရဲခံလာရပါသည်၊ထိုသို့ကျွန်ုပ်သည်၊ တောက်လျှောက် ကိုယ်တော်၏ နုံခြာခံခြင်းဖြစ်သည်။ ကျွန်တော်အားကြွယ်ဝစေပါသည်၊ ကိုယ်တော်ဟာ အဲဒီလိုနဲ့ကျွန်တော်လို ဖြစ်လာရပါ သည်။ တောက်လျှောက်ကိုယ်တော်၏ကျေးဇူးပြုတော်မူခြင်းသည်၊ ကိုယ်တော်ကို ဖြစ်လာစေပါသည်။ အို၊ ကျွန်တော်၊ ထိုနောက် ဘုရားသခင်၏တန်ခိုးတော်များအကြောင်း ပြောကြားမှုပြုပါသည်။ ယခု၊ ထိုသို့သောအရာသည် နှုတ်ကပတ်တော်အတိအကျဖြစ်ပါသည်။ ထိုအရာသည် နှုတ်ကပတ်တော်၏ မိန့်ဆိုချက်ဖြစ်ပါသည်၊

အဲဒီနောက်ကျွန်ုပ်တို့ဖြစ်နိုင်တာက… ၊ ကျွန်ုပ်တို့ခမည်းတော်ဘုရားကိုချစ်မြတ်နိုးစဉ်အခါ… ကျွန်ုပ်တို့အပေါ်သို့သွန်း လောင်းမှုပြုပါသည်။ ကျွန်ုပ်တို့အပြစ်သားများအပေါ်သို့သွန်းလောင်းမှုပြုခြင်းဖြစ်ပါသည်၊ တပါးအမျိုးသားများထံသို့ဖြစ်ပါ သည်။ ဘုရားသခင်ထံမှအဝေးသို့ရောက်ရှိခဲ့ကြရပါသည်၊ ဘုရားသခင်ထံသို့နီးအောင် ဆွဲခေါ်မှုပြုခြင်း ဖြစ်နိုင်ပါသည်။ဤသို့ဖြစ်၍၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်လာကြပါသည်— အစေခံမဟုတ်တော့ပါ။

တပါးအမျိုးသားအသင်းတော်သည်ဘယ်သောအခါမှ အစေခံဖြစ်မည် မဟုတ်ပါ။ မဟုတ်ဘူး၊ ဆရာ။ တပါးအမျိုးသား အသင်းတော်သည် ဘုရားသခင်၏သားသမီးများ ဖြစ်ကြပါသည်။ ဘုရားသခင်၏သားသမီးများ ဖြစ်ကြသော သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံမှုပြုခဲ့ကြပါသည်။

ယခု၊အကယ်၍၊ သင်ဟာ ဩရဖအစုဝင် ဖြစ်မည်ဆိုပါက၊ အဝေးကို လှည့်ပြန်သွားပါမည်—

သို့သော်အကယ်၍ သင်က တောက်လျှောက် သန့်ရှင်းသောဝိညာဉ်တော်ဆီသို့လျှောက်လှမ်းမည် ဆိုပါက၊ သာသမီးများ ဖြစ်လာသော အခွင့်ကို သင်ရရှိမည် ဖြစ်ပါသည်။

71 ၇၁။ ယခု၊ သားသမီးများ ရှိကြပါသည်၊ မည်သူသည် ဘုရားသခင်ပြီးလျှင်တန်ခိုးအကြီးဆုံးဖြစ်ပါသလဲ။ ကောင်းကင်တ မန်လား။ ကောင်းကင်တမန်က အစေခံသာ ဖြစ်ပါသည်။အဲဒါအမှန်ပဲ မဟုတ်လား။ သူတို့သည် ကိုယ်တော်ရဲ့အစေခံကျွန်များ ဖြစ်ကြပါသည်။ သင်က ဘယ်သူဖြစ်ပါသလဲ။ကိုယ်တော်၏ သားသမီးများ ဖြစ်ပါသည်။ ထိုနောက် ကောင်းကင်ဘုံ၌ မည်သူသည် တန်ခိုးအကြီးဆုံးဖြစ်ပါသနည်း။ အပြစ်သားသည် ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းကို ခံရပါသည်၊ အပြစ်မဲ့စွာ ကိုယ်တော်ရှင်၏ညာဘက်၌ ကောင်းကင် တမန်မင်းက မတ်တပ်ရပ်နေသည် မဟုတ်ပါလား? အပြစ်သားသည် ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းကို ခံရပါသည်။ အပြစ်မဲ့စွာ ကိုယ်တော်၏ ဘေးဖက်တွင် မတ်တပ်ရပ်နေသော ကောင်းကင်တမန်မင်းထက်ကောင်းကင် ဘုံ၌ရှိသော ပို၍ ဩဇာအာဏာရှိပါသည်၊ အကြောင်းမှာ ကိုယ်တော်သည် သားဖြစ်သော ကြောင့်ပေတည်း။သားဟာ အစေခံတဦးထက်ပိုဩဇာရှိတယ်ဆိုတာ အမှန်ပဲ မဟုတ်လား။ အို၊ ကျွန်ုပ်တို့က ဘာဆိုတာကိုမေ့သွားပါသည်။ ကျွန်ုပ်တို့မေ့နေကြပါသည်။ အချိန်များစွာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ကဘာဆိုတာကို လုပ်ဆောင် ခဲ့ကြပါသည်။ ကျွန်ုပ်တို့ဖြစ်တည်လာပြီးနောက်၊ ဒီနေရာမှာ ကျွန်ုပ်တို့ဘယ်လိုလဲ ဆိုတာ မေ့သွားခဲ့ရပါသည်။ ဘုရားသခင် ကိုယ်တော်ကိုယ်တိုင် ရှိစဉ်အချိန်က…. အို၊ အဖိုးတန် မေတ္တာတော်ရှင် ခမည်းတော်အဖ၊ အာဒံ၏ ကျဆုံးခြင်းမျိုးနွယ်ဆီသို့ပေးသနားတော်မူပါသည်၊ ဒုက္ခဆင်းရဲခံစေလိုသောငှာ သူ၏တဦးတည်းသော သားတော်ကို ပေးသနားတော်မူ၏ကိုယ်တော် ၏ ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့အား ကယ်တင်တော်မူ၏

(အိုမည်သို့၊ အစဉ်အမြဲ ကျွန်ုပ်တို့သိနိုင်ပါမည်နည်း။)

ကျောက်ဆောင်တို့၏အနက်ဖွင့်ဆိုမှုနှင့် မှောင်မိုက်သော ကောင်းကင်ကြီး၏ အလယ်၌ တည်ပါသည်၊

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည်ဦးခေါင်းတော်ကို ငုံ့လျက်၊ အသေခံတော်မူပါသည်၊

ဖုံးကွယ်ထားသောအရာကိုလှစ်ဟရန်လမ်းတော်ကို ဖွင့်လှစ်မူပြုပါသည်၊ ကောင်းကင်ဘုံ၏ ဝမ်းမြောက်စရာအကြောင်းနှင့် အဆုံးမဲ့သောနေရက်အတွက်ဖြစ်ပါသည်။၏

ခရစ်တော်ဆိုသော။ကျောက်ဆောင်ပေါ်၌၊ ကျွန်တော် ရပ်တည်မူပြုပါမည်၊

အခြားမြေနေရာအားလုံးသည်နစ်မြုပ်ရာ သဲသောင်ပြင်များ ဖြစ်ပါသည်။

အံ့သြဘွယ်ရာကားတိုင်တော်ကို ကျွန်ုပ်လေ့လာမှု ပြုစဉ်အခါ

အံ့သြဖွယ်ရာအားလုံးသည်နစ်မြုပ်ရာ သဲသောင်ပြင်များ ဖြစ်ပါသည်။

အံ့သြဖွယ်ရာကားတိုင်တော်ကိုကျွန်ုပ်လေ့လာမှုပြုစဉ်အခါ၊

ထိုအရပ်၌ဘုန်းကြီးသောရှင်ဘုရင်သည် အသေခံတော်မူ ပါသည်။

အလုံစုံသောကျွန်ုပ်တို့၏ အပြစ်များကို ရေတွက်မှုပြုသောလည်း ကွယ်ပျောက်သွားပါသည်။

(အမှန်ပါပဲ)

တယောက်ကပြောကြားခဲ့ပါသည်၊

အသက်ရှင်ခြင်းဖြစ်ပါသည်။ကိုယ်တော် ကျွန်ုပ်အား ချစ်မြတ်နိုးပါသည်၊ အသေခံ၍၊ ကိုယ်တော်ကျွန်ုပ်အား ကယ်တင်တော်မူပါသည်။

သင်္ဂြိုလ်ခြင်းကိုခံတော်မူ၍၊ ကျွန်ုပ်အပြစ်ကို အဝေးသို့ကိုယ်တော် ဆောင်းယူသွားပါသည်။

ဖော်ထွက်ခြင်းအကြောင်းက၊ ကိုယ်တော်သည် အစဉ်အမြဲ လွပ်လပ်စွာ တရားစီရင်တော်မူသည် ဆိုခြင်း ဖြစ်ပါသည်၊ တနေ့နေ့တချိန်တွင် ကိုယ်တော်ကြွလာတော်မူပါသည်— အို ဘုန်းထင်ရှားရာနေရက် ဖြစ်ပါသည်။

72 ၇၂။ ထိုအရာသည် အသင်းတော်၏ အဓိက အချက်ဖြစ်ပါသည်။ အဲဒါဟာစောင့်မျှော်စရာအကြောင်းဖြစ်ပါသည်။ အဲဒါက အသဲနှလုံးဖြစ်ပါသည်။ ကမ္ဘာကြီးသည်၊ အာဒံ၏ကျဆုံးခံသို့ရောက်သော မျိုးနွယ်စုကို ကယ်တင်ရန်အတွက်၊ ကယ်တင်ရှင် ဆွေမျိုးရင်းချာ၏အသွေးဖြင့် ဆေးကြောမှုပြုပါသည်။

သတိပြုပါ၊ဒီနေရာမှာ ကိုယ်တော်ရှိပါသည်၊ ကယ်တင်ရှင်ဆွေမျိုးရင်ချာတယောက်ဖြစ်ပါသည်။

ယခုပထမဆုံးအကြောင်းအရာ ဖြစ်ပါသည်၊ ကိုယ်တော်သည်ထိုက်တန်သော လူတယောက် ဖြစ်ပါသည်။

မည်သူသည်ခရစ်တော်ထက်၊ ယေရှုထက်ပို၍၊ ထိုက်တန်မှုရှိပါသလဲ။ အခြားအကြောင်းတခုက သူမှာ အပိုငွေကြေးပိုင်ဆိုင်မှုရှိပါသည်၊ ထိုသို့ဖြစ်စေနိုင်သောအစွမ်း သူမှာရှိပါသည်။ ကိုယ်တော်သည် ကောင်းကင်နိုင်ငံတော်ကိုပိုင်ဆိုင်ပါသည်။ ကိုယ်တော် အမှုပြုခဲ့သည်ကို ကိုယ်တော်သက်သေပြခဲ့ပါသည်။ ကိုယ်တော်သည်ငါးနှစ်ကောင်နှင့် မုန့်ငါးလုံးကို၊ ငါးထောင် သော လူများအား ပေးစွမ်းနိုင်သူဖြစ်ပါသည်။ အကျိုးအပဲ့တို့ကို ကောက်သိမ်းရာ ခြင်းငါးခြင်း ရစေသူဖြစ်ပါသည်။ ကိုယ်တော်သည် ရေတွင်းမှရေကိုထွက်စေပြီး၊ စပျစ်ရည်အဖြစ်သို့ ပြောင်းပေးနိုင်သူဖြစ်ပါသည်။ ကိုယ်တော်သည် ပင်လယ်ထဲမှငါးများကို ရယူစေကာ၊ ထိုငါးပါးစပ်မှ ရွှေဒင်္ဂါးပြားကို ထုတ်ဆောင်စေသူ ဖြစ်ပါသည်။ အာမင်။

ကိုယ်တော်မလုပ်ဆောင်ခဲ့သည်မှာ—သို့သော် ကိုယ်တော်သည် ချို့တဲ့ဆင်းရဲလာရပါသည်။ သူခေါင်းကို ချထားစရာ နေရာမရှိခဲ့ပါ။ ကိုယ်တော်သည် ဆွေမျိုးတယောက် ဖြစ်လာခဲ့ရပါသည်။

ချမ်းသာကြွယ်ဝခြင်းနှင့်အမျိုးတော်စပ်ရသူ မဟုတ်ပါ။ လူအားလုံး၏ ဆွေမျိုး ဖြစ်ပါသည်။

ကိုယ်တော်သည်ကယ်တင်ရှင်ဆိုသောနေရာကို ရယူခဲ့ခြင်းဖြစ်ပါသည်။

73 ၇၃။ ထိုနောက် သူ၌ အဘယ်လုပ်စရာအမှု ရှိခဲ့ပါသနည်း?အဲဒီနောက် သူမှာ အများသူငှါကို သက်သေခံစရာ အကြောင်း ရှိခဲ့ပါသည်။ နောက်တစ်နေ့မနက်ခင်းမှာရှုသပြောခဲ့ပါတယ်။ ….. ဒါမှမဟုတ် နောမိပြောခဲ့ပါတယ်။ “ခိုနားပါ၊ရှုသရေ” ယခု အားလုံးဟာ အမှန်တစ်ကယ်ဖြစ်လာပါလိမ့်မည်။ ဘာဖြစ်လို့လဲဆိုရင် သူ့ရဲ့အမြင်မှာသင်ဟာ ကျေးဇူးပြုစရာအဖြစ် မြင်တွေ့စေခြင်းအကြောင်း ရှိနေလို့ပါဘဲ။

ဘုရားသခင်ကျွန်ုပ်အား အမှုပြုတော်မူပါ။ ဘုရားသခင်သည် အသံတော် ပြုပါမည်။

အချိန်နာရီသည်ပိုစရာအကြောင်း မရှိတော့ပြီ။

မိုးစင်စင်လင်းတော့ထာဝရတည်သော တောက်ပခြင်းနှင့် လှပမှုသည် ထွက်ပေါ်လာပါသည်။

ကမ္ဘာပေါ်ရှိကယ်တင်ခံရသူတို့သည် အခြားသောကမ်းတစ်ဖက်တွင် စုရုံးစေခြင်း အကြောင်းရှိပေမည်။

ထိုအရပ်မှနာမည်ခေါ်သောအခါ ထိုအရပ်၌ ကျွန်ုပ် ရှိမည်ဖြစ်သည်။

(ယခုခိုလှုံပါ။ ပြီးပြည့်စုံသော ရွေးနုတ်ခြင်းအတွက် စောင့်ဆိုင်းမှု ပြုပါ။)

74 ၇၄။ သတိပြုပါ။ "အဲဒါ ကျွန်တော့်မှာ ရှိပါသည်။ ရသင့်ရထိုက်သောအဖိုးဖြစ်ပါသည်။ ယခုအချိန်မှာ ဖြစ်ပါသည်။ ကျွန်ုပ် သည် ဘာလီစပါးကို ခေါင်းပေါင်းအပြည့်ထည့်၍အိမ်သို့သယ်ဆောင်သွားပါမည်။ အဲဒီမှာ ကျွန်တော် ရထားတာဖြစ်ပါသည်။ ...." သူက သူမကို ပေးခဲ့တာဖြစ်ပါသည်။ အဲဒါကို ချိန်ပေးခဲ့ခြင်း ဖြစ်ပါသည်။(၆)သြမဲ ဖြစ်ပါသည်။ "၆" ဖြစ်ပါသည်။ ကမ္ဘာကြီး ဖြစ်တည်ခဲ့သည့် နှစ်(၆၀၀၀)ဟု အဓိပ္ပါယ်ရပါသည်။လူ၏နေ့ရက်က (၆)ရက်မြောက်သောနေ့ဖြစ်ပါသည်။ လူသည် (၆)ရက် မြောက်သောနေ့၌ ဖန်ဆင်းခြင်းကိုခံခဲ့ရပါသည်။ ကမ္ဘာလောကကြီးကို လွန်ခဲ့သောနှစ်(၆၀၀၀)ခန့်က ဖန်ဆင်းခဲ့ပါမည်။ အနှစ်(၇၀၀၀)တွင်ဘုရားသခင်သည် အနားယူမှု ပြုပါသည်။ နှစ်(၆၀၀၀) သက်တမ်းရှိတဲ့ အသင်းတော်သည် ဘုရားသခင်၏တန်ခိုးတော်နှင့် ပြည့်စုံသော ဤဘာလီပေါင်မုန့်လုံးများဖြင့် အပြစ်ရှိသောအရာကို ဆန့်ကျင်ဘက်ပြုခြင်း၌ကြိုးစားအား ထုတ်မှု ပြုပေမည်။ အဲဒီနောက် ထာဝရတည်သောနေရာသို့ဝင်စားကာ အနားယူရပါမည်။အနားယူဘို့ စောင့်နေပါသည်။ ကောင်းမွန်တဲ့ ဘာလီစပါး (၆)သြမဲကို အဲဒီနေရာမှာ သူထားထားပါသည်။ပြီးပြည့်စုံသော ရွေးနုတ်ရာကာလ ရောက်သည့် တိုင်အောင် သူမအတွက် ဆောင်ယူနိုင်စရာအကြောင်းထားရှိစေခြင်း ဖြစ်ပါသည်။ ထိုသို့သောအရာသည် ကျွန်ုပ်၏ ဝမ်းမြောက်စေခြင်း အကြောင်းဖြစ်ပါသည်။

75 ၇၅။ ယခု လျင်မြန်စွာ ထိုအရာကို အဆုံးသတ်လိုက်ကြပါစို့။ယခု ကျွန်ုပ်တို့ရှာဖွေကြပါသည်။ ယခု နောက်နေ့မနက် သူမ အိပ်ယာမှ နိုးထသောအခါ ပျော်ရွှင်ခဲ့ပါသည်။စောင့်နေခဲ့ပါသည်။ ယောကျ်ားသည် ရောက်ရှိလာခဲ့ပါသည်။ သူသွား ရောက်ခဲ့ပါသည်။ .... သူ့မှာ အခြားဆွေမျိုးလည်း ရှိပါသည်။ ပထမတော့ အမျိုးသမီးဟာ တစ်ကယ့်ကိုရွေးချယ်စရာ ဖြစ်ခဲ့ပါသည်။ အဲဒီလိုဖြစ်ဖို့ကျွန်တော့်မှာ အချိန်ရှိပါသလား? ကောင်းပြီ။တစ်မိနစ်တော့ ရှိပါတယ်။ တစ်နည်းနည်းဖြင့် အဲဒီ အပိုင်းကို ကျွန်တော်တို့ရယူကြပါမည်။

နောက်တစ်ခုကပုံဆောင်ချက်၌ ရှိပါသည်။ ထိုအရာက သင့်အပေါ်မှာ ရွေးချယ်စရာ ဖြစ်ပါသည်။ မကောင်းမှု ဒုစရိုက်ဖြစ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် သင့်မှာ အပြစ်ရှိခဲ့လို့ပါဘဲ။ ပထမတော့ သင်ဟာ သူ့အားပိုင်ဆိုင်ခဲ့ပါသည်။ အဘယ် ကြောင့်ဆိုသော် သင်သည် သူ့ရဲ့ဂုဏ်သတ္တိ ဖြစ်လို့ပါဘဲ။ သင်ဟာ"အပြစ်၌မွေးဖွားကာ မစင်ကြယ်ခြင်းကို ပုံဆောင်၍ လောကကြီးက ပြောသော လှည့်ဖျားခြင်းသို့ရောက်ရှိခဲ့လို့ပဲ" ဖြစ်ပါတယ်။ ထိုအရာကို သူကယ်တင်နိုင်ခြင်း မရှိခဲ့ပါ။ သိမြင်ရ မည်မှာထိုသို့သောအရာကို သူ မကယ်တင်နိုင်ခဲ့ဘူးတာ ဆိုတာပါဘဲ။ ဒါကြောင့် ခရစ်တော် ကြွလာကာ၊လူ့ဇာတိခံ၍ ကျွန်ုပ်တို့အား ကယ်တင်ရန် ကျွန်ုပ်တို့၏ အပြစ်များကို အဝေးသို့ဆောင်ယူသွားစရာအကြောင်းရှိခဲ့ရပါသည်။ အဲဒါကို သင်မြင်ပါသလား?အခြားသူလည်း အဲဒါကို မလုပ်ဆောင်နိုင်ပါ။ အပြစ်များအတွက် ဒုစရိုက်မှုက အသေခံလို့မရပါ။အဘယ် ကြောင့်ဆိုသော် သူသည် အပြစ်ဖြစ်စေသော အလွန်လမ်းလွဲစေသူ ဖြစ်လို့ပါဘဲ။ သိမြင်ရမည်မှာသူမလုပ်ဆောင်နိုင်ဘူး ဆိုတာပါဘဲ။ သူသည် သူအမွေခံရမည့်အရာကို ဖျက်ဆီးပစ်ပါလိမ့်မည်။အခြားရောင်းရင်း ဖြစ်ပါသည်။ စာတန်က သူ့ဥစ္စာကို ဖျက်ဆီးပစ်ပါမည်။ အဘယ်ကြောင့်ဆိုသော်သူသည် ဒုစရိုက် ဖြစ်လို့ပါဘဲ။ ကနဦး ဒုစရိုက်မှုကို သူက အခြားဒုစရိုက်မှုတစ်ခု ဖြင့်အဝေးသို့ဆောင်ယူသွားသည်ဆိုသော အကြောင်းတရားသည် ဖြစ်နိုင်စရာ မရှိပါ။ သူ့မှာ အပြစ်ရှိလာနိုင်စရာမရှိပါ။ ဘာဖြစ်လို့လဲဆိုရင် သူဟာ အစကတည်းက အပြစ်ဖြစ်နေလို့ပါဘဲ။ သို့သော် အပြစ်ကင်းစင်တဲ့ခရစ်တော်ကတော့ အပြစ် သားတစ်ယောက် ဖြစ်လာစရာ အကြောင်းရှိပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အားကယ်တင်နိုင်ပါသည်။ ဟာလေလု ယာ။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကို ခံကြရပါသည်။ ပြန်ယူလာသည်ဟုအဓိပ္ပါယ်ရပါသည်။ ကျွန်ုပ်တို့သည် ကယ် တင်ခြင်းကို ခံကြရပါသည်။

76 ၇၆။ ဒါကြောင့် နောက်နေ့မနက်ခင်းမှာ သူဟာ လူထုကိုသက်သေခံစရာ အကြောင်း လုပ်ဆောင်မှုပြုခဲ့ပါသည်။ သူဟာ ထွက်သွားပြီး ဒီလူနဲ့တံခါးဝမှာတွေ့ဆုံမှု ပြုခဲ့ပါသည်။ (အသက်ကြီးသူတို့မရောက်မီ ဖြစ်ပါသည်။ ထိုနေရာက လူအုပ်စု တစ်စုရှိတဲ့နေရာဘဲ ဖြစ်ပါတယ်။ သူက သူနဲ့မျက်နှာချင်းဆိုင်ကြည့်ပြီး သူက သူမကို သင်ကယ်တင်နိုင်ပါသလား?)ဟု မေးပါသည်။ ယခု သူသည် ကနဦးအနေဖြင့် နောမိ၏ အစီအစဉ်ဖြင့် ရုသကို ရွေးနုတ်စရာအကြောင်းရှိနေခဲ့ပါသည်။ ခရစ်တော်သည်လည်း ကနဦး ယုဒအသင်းတော်၏ အစီအမံဖြင့် တပါးအမျိုးသား သတိုးသမီးကိုရွေးနုတ်စရာအကြောင်း ရှိနေပါသည်။ နောမိနှင့်အတူ သူမ ရောက်လာခဲ့ပါသည်။ အခြားနိုင်ငံမှတပါးအမျိုးသား တစ်ယောက်ဖြစ်ပါသည်။ မောဘပြည်သူ တပါးအမျိုးသမီး တစ်ယောက် ဖြစ်ပါသည်။ အဲဒါဟာကျွန်ုပ်တို့ဖြစ်ပြီး တပါးအမျိုးသား ရက်စက်ကြမ်းကြုတ် သူများ ဖြစ်ပါသည်။ အမှတ်ရရမည်မှာကျွန်ုပ်တို့သည် နောမိကို ခေါ်လာစရာအကြောင်း ရှိတယ်ဆိုတာပါပဲ။ နောမိကို သူခေါ်လာတဲ့အခါသူ့ရဲ့အလုံးစုံသောအရာကို သူရသွားပါတယ်။

77 ၇၇။ သတိပြုရမည်မှာ ခရစ်တော် ကြွလာတဲ့ အချိန်ပါဘဲ။ကိုယ်တော်သည် တပါးအမျိုးသား အသင်းတော်ကို ဘယ် တော့မှ စကားမပြောဘူးဆိုတာပါဘဲ။ အဲဒီလိုဖြစ်ပါတယ်။ ကိုယ်တော်၏ ပိုင်ဆိုင်သောနေရာသို့သွားရောက်ရပါမည်။ ကိုယ်တော်သည် ကိုယ်တော်ပိုင်သောနေရာသို့ကြွရောက်တော်မူခဲ့ပါသည်။ ကိုယ်တော်၏ ပိုင်ဆိုင်မှုက ကိုယ်တော်ကို လက်ခံခြင်း မဟုတ်ပါ။ကိုယ်တော်သည် အစဉ်အမြဲ သူ့ရဲ့ပိုင်ဆိုင်ရာဆီသို့ရောက်လာတတ်ပါသည်။ တပါးအမျိုးသားတို့၏လမ်းသို့သွားလာခြင်း မရှိပါ။ စမုရနမြို့သို့သွားရောက်ခြင်း မရှိပါ။ သို့သော် ဣသရေလ၏ပျောက်သောသိုးဆီသို့သွားခြင်း မျိုးတော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သင်သွားပြီး ဧဝံဂေလိတရားကိုဟောပြောကာ အနာရောဂါ ငြိမ်းစေခြင်း၊ သေခြင်းမှ ရှင် ပြန်ထမြောက်စေခြင်း၊ မကောင်းမှုကိုပယ်ဖျက်ခြင်း၊ လွတ်လပ်စွာ လက်ခံယုံကြည်ခြင်း၊ လွတ်လတ်စွာ ပေးကမ်းမှု ပြုခြင်းတို့လိုမျိုးဖြစ်ပါသည်။ အဲဒါ မှန်ပါသလား? သူတို့အား နှစ်ယောက်တစ်တွဲ ပို့ဆောင်တတ်ပါသည်။ ပထမ သွားပါသည်။.... ထို အသင်းတော်ကို သူကယ်တင်စရာ အကြောင်းရှိပါသည်။ ထိုအသင်းတော်ကို ကိုယ်တော် ကယ်တင်တော်မူစဉ် ကိုယ်တော် သည် တစ်ပါးအမျိုးသား သတိုးသမီးကိုရရှိပါသည်။ အာမင်။ ထိုအရာသည် ထိုသို့သော အကြောင်းတရား၌ နှစ်ဦးနှစ်ဖက် သဘောတူညီမှု ပြုသောအရာဖြစ်ပါသည်။ ကိုယ်တော်သည် အသင်းတော်ကို

ကယ်တင်တော်မူစဉ် သတိုးသမီးကို သိမ်းပိုက်မှုပြုပါသည်။

78 ၇၈။ ယခု ဗောဇက လူတွေကို စုဝေးစေပါသည်။ …… သူက "သူမကို သင်ရွေးကောက်နိုင်ပါသလား?" ဟု မေးခြင်း ဖြစ်ပါ သည်။သူက "မရွေးဘူး" လို့ ပြောပါမည်။

အဲဒီနောက်သူဟာ လူထုကြားနာပွဲ တစ်ခုကို ပြုလုပ်ပါသည်။ သူ့ ရဲ့ခြေနင်းကို ချွတ်ပြီး သူ့ကို ပစ်ပေါက်ခဲ့ပါသည်။"သင်ဖြစ် တယ်။ ….. ကျွန်ုပ်သည် နောမိအား ကယ်တင်စရာအကြောင်းရှိသည်ကို ဣသရေလအားလုံးအား သိစေခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ရုသအားလည်း ယူစရာအကြောင်းရှိသည်။" လို့ ပြောခဲ့ပါတယ်။ အာမင်။ ကျွန်ုပ်သည် ရုသအား ကျွန်ုပ် သတိုးသမီးအဖြစ် ယူပါမည်။အဲဒါက ဘယ်သူပါလိမ့်? ဘုရားသခင်၏ ရိတ်သိမ်းခြင်း ဖြစ်ပါသည်။ အာမင်။ သူမဘဲ ဖြစ် တယ်။ကျွန်ုပ်သည် နောမိအား ရွေးနုတ်မှုပြု၍ ရုသအား ယူပါမည်။ ရုသသည် ကျွန်ုပ်၏ သတိုးသမီးဖြစ်လာရပါမည်။" သူတို့ ဘာပြောသလဲ? ဖြစ်နိုင်တာက သူမကို ….. လေအာ၊ ရာခေလနှင့် သူတို့လိုမျိုး ဖြစ်နိုင်ပါသည်။ ထောင်ချီပြီးထမြောက်စရာ အကြောင်း ဖြစ်လေသည်။ (သူမမှာ အဲဒါအမှန် ရှိပါသည်။) ဣသရေလတို့အပေါ် သက်ရောက်ခြင်းဖြစ်ပါသည်။ သူမက အဲဒီလမ်းမှာ ရှိနိုင်ပါသည်။ ကြည့်ပါ။ သူဟာ လူထုကို သက်သေခံခဲ့ပါသည်။

79 ၇၉။ ထိုသို့ပြုရန် ယေရှုဘာကို လုပ်ဆောင်ခဲ့ပါသနည်း?ကိုယ်တော်သည် လူထုကို သက်သေခံမှု ပြုခဲ့ပါသည်။ အဲဒီအချိန် မှာ စာတန်က အပြစ်ရှိခြင်းအတွက်အသေခံပေးလို့ မရနိုင်ပါဘူး။ အဘယ်ကြောင့်ဆိုသော် သူဟာ အပြစ်သား ဖြစ်လို့ပါဘဲ။ သူဟာ အပြစ်၏ဖခင်ကြီး ဖြစ်လို့ပါဘဲ။ သို့သော် ယေရှုသည် အပြစ်ကင်းစင်သော တခုတည်းသောအရာ ဖြစ်ပါသည်။ဘုရားသခင်၏ ကောင်းကင်နိုင်ငံဖြစ်၍ သူ့မှာ သေစရာအကြောင်း မရှိခဲ့ပါဘူး။ ဆင်းကြွကာ အသေခံတော်မူ၍လူထုအား သက်သေခံစရာ အကြောင်းတစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။ ကောင်းကင်နှင့်မြေကြီး အကြားတွင်ချီဆောင်ခြင်းကို ခံခဲ့ရပါ သည်။ လူထုအား သက်သေခံခြင်းအကြောင်း တစ်ခုဖြစ်ပါတယ်။ ကိုယ်တော်၏အဝတ်အစားများကို ဆွဲခွာချွတ်ခြင်းကို ခံတော်မူ၍ ကောင်းကင်နှင့် မြေကြီးအကြား ရှက်ဖွယ်သောချိတ်ဆွဲခြင်းကို ခံတော်မူခဲ့ပါသည်။ အပြစ်ရှိသော သေခြင်းမျိုးဖြင့် အသေခံကာ ကျွန်ုပ်တို့အားကယ်တင်ရန် ရှက်ဖွယ်သော အသေခံခြင်းကို ခံယူခဲ့ပါသည်။ လူထုအား သက်သေခံစရာ အကြောင်းတစ်ခုပြုခဲ့ပါသည်။ အာမင်။

